ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၆၈) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၈)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၆၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၈)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၆.၇၄) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၆၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။ ဦးဂမ်ဆိုင်း၊ ကချင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစခုန်တိန့်ယိန်း၊ ကချင်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းလွင်၊ ကချင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်ကြီး၊ စစ်ကိုင်း(၁၀)၊ ကျန်းမာရေး။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကျန်းမာရေး။ ဒုတိယဗိုလ်မှူးကြီး လှိုင်ဝင်း၊ တပ်မတော်၊ တာဝန်။ ဒုတိယဗိုလ်မှူးကြီးမင်းသူ၊ တပ်မတော်၊ တာဝန်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ကျန်းမာရေး။ ဦးစောအုန်း၊ မွန်(၉)၊ ကျန်းမာရေး။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ပြည်ပကျန်းမာရေး။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကျန်းမာရေး။ ဦးတင်ရှန်၊ တနင်္သာရီ(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကျန်းမာရေး။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလျူကွယ်ရှို၊ ရှမ်း(၁၁)၊ ကျန်းမာရေး။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကျန်းမာရေး။ ဦးစိုင်းသာစိန်၊ ကယား(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကော်ရိုင်း၊ ကယား(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်(၁)၊ ကျန်းမာရေး။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကျန်းမာရေး။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ မိသားစုကျန်းမာရေး။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေး။

ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ တိုင်ကြားစာကော်မတီ အစည်းအဝေး။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစံပြည့်၊ ကချင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ဒေသဖွံ့ဖြိုးရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၅၀)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းမယ့် မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**တီးတိန်မြို့နယ်၊ ဘုတ်ဖီရ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးခမ်ဆွင်းမုန် က တီးတိန်မြို့နယ်၊ ဘုတ်ဖီရ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးခမ်ဆွင်းမုန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျာ။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာတဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန် ဖြစ်ပြီး ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ တီးတိန်မြို့နယ် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) ဘုတ်ဖီရ်အား အလယ်တန်းကျောင်း အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တီးတိန် မြို့နယ်မှာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ပေးခြင်း၊ ကျောင်းအဆောက်အဦသစ်များ ဆောက်လုပ်ပေးခြင်း၊ ပြုပြင်မွမ်းမံခြင်းနဲ့ ကျောင်းဆရာ၊ ဆရာမများ တိုးမြှင့်ခန့်ထားပေးခြင်းများ အပေါ် များစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း တင်ပြလိုပါတယ်။ ယခု ကျွန်တော် တင်ပြလိုသော တီးတိန်မြို့နယ်၊ ဘုတ်ဖီရ်ကျေးရွာသည် အိန္ဒိယနယ်စပ်မှာ ရှိတဲ့ကျေးရွာတစ်ရွာဖြစ်ပြီး အိမ်ခြေ(၁၄၄)နဲ့ လူဦးရေ(၉၀၈)ခန့် နေထိုင်ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းသားဦးရေမှာ (၂၇၁)ဦးရှိပြီး ကျောင်းဆောင်အဆောက်အဦ(၂)ဆောင်နဲ့ ပရိဘောဂများ ပြည့်စုံလုံလောက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ပင်မကျောင်းဖြစ်သော အခြေခံပညာ အလယ်တန်းကျောင်း ဇိမ်ပီးရွာမှ (၈) မိုင်ကွာဝေးပြီး ခရီးလမ်းကြမ်းတမ်းခက်ခဲတဲ့ ဒေသဖြစ်ကြောင်းကိုလည်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျာ။ ဘုတ်ဖီရ်ကျေးရွာ အလယ်တန်းကျောင်း(ခွဲ)ကို အလယ်တန်းအဆင့် တိုးမြှင့်ပေးမယ်ဆိုပါက ပတ်ဝန်းကျင်ကျေးရွာ(၅)ရွာအား အထောက်အကူပြုလာမှာ ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ဒေသအတွင်းကျောင်းသားသစ်များ ပတ်ဝန်းကျင်ကျေးရွာမှ အလယ်တန်းအဆင့် ကျောင်းသားအသစ်များဖြင့် ကျောင်းသားဦးရေ တိုးတက်များပြားလာမည်ဖြစ်ကြောင်း ခန့်မှန်းရပါတယ်။ ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော ကျောင်းသားဦးရေအတိုင်း ပြည့်မီခြင်းမရှိသော်လည်း ဒေသန္တရအခြေအနေအရ နယ်စွန်နယ်ဖျားမှာတည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးမှာလည်း ခက်ခဲသောဒေသတစ်ခု ဖြစ်ပါသဖြင့် အလယ်တန်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရေးအတွက် အဆင့်

လျှော့ပေါ့စဉ်းစားပေးရန် အထူးတင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ တီးတိန်မြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဘုတ်ဖီရ်အား ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အလယ်တန်းကျောင်းအဆင့်အဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြပါတယ်ခင်ဗျာ။

**လောင်းလုံမြို့နယ် သကျက်တောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်မြင့် က လောင်းလုံမြို့နယ် သကျက်တောကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးတင်မောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်အတွင်းရှိ သကျက်တောကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျာ။ ကျွန်တော် ယခုတင်ပြတဲ့ ကျောင်းဟာ လောင်းလုံမြို့နယ် တောင်ဘက်ကျတဲ့ လောင်းလုံမြို့မှ (၁၈)မိုင်ကွာမှာရှိတဲ့ သကျက်တောကျေးရွာမှာ တည်ရှိပါတယ်။ သကျက်တောကျေးရွာဟာ အိမ်ခြေ (၄၀၀)ကျော်ရှိပြီး လူဦးရေပေါင်း (၂၅၀၀)ကျော် နေထိုင်ပါတယ်။ တိုက်နယ်ဆေးရုံ၊ ရဲစခန်း တည်ရှိတဲ့ ကျေးရွာအုပ်စုကြီးလည်း ဖြစ်ပါတယ်။ ၂၀၀၂-၂၀၀၃ ပညာသင်နှစ်မှစ၍ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းကို ဖွင့်လှစ်ခဲ့ပြီး ၂၀၁၂ ခုနှစ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် ဖွင့်လှစ်ခွင့် ရရှိခဲ့ပါတယ်။ ကျောင်းသားဦးရေ စုစုပေါင်းဟာ(၇၆၃)ဦးရှိပြီး အထက်တန်းဆင့်ကျောင်းသားများမှာ နဝမတန်းတွင်(၄၈)ဦး၊ ဒသမတန်းတွင်(၄၇)ဦး ပေါင်း(၉၅)ဦးရှိပါတယ်။ ဆရာ/ဆရာမပေါင်း(၂၉)ဦးရှိပြီး သင်ကြားသင်ယူမှု လုပ်ငန်းများမှာ တိုးတက်မှုအရှိဆုံး ကျောင်းအဖြစ် ရပ်တည်နေခဲ့ပါတယ်။ ဒေသခံ မိဘပြည်သူများ၏ ပညာရေး အားပေးမှု၊ ဆရာ/ဆရာမများ၏ ကြိုးစားဆောင်ရွက်မှုများကြောင့် တက္ကသိုလ်ဝင်တန်းအောင်ချက်ဟာ တိုင်းအတွင်း ထိပ်ဆုံးမှ နေရာယူလျက်ရှိပါတယ်။

တင်ပြရလျှင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှာ (၇၁.၀၅)ရာခိုင်နှုန်း၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ (၅၄.၈၄)ရာခိုင်နှုန်းနဲ့ ၂၀၁၃-၂၀၁၄ပညာသင်နှစ်မှာ (၇၃.၅၃)ရာခိုင်နှုန်း အခုလွန်ခဲ့တဲ့ ပညာသင်နှစ်မှာ(၅၂.၂၄)ရာခိုင်နှုန်းဖြင့် အောင်ချက်မြင့်မားမှု ရှိနေတာကို တွေ့ရှိရပါတယ်။ ပတ်ဝန်းကျင်

ကျောင်းများဖြစ်တဲ့ မူလတန်းကျောင်း(၉)ကျောင်း၊ မူလတန်းလွန်ကျောင်း(၁)ကျောင်းနဲ့ အလယ်တန်းကျောင်းတစ်ကျောင်းတို့ဟာ သကျက်တောအ အထက(ခွဲ)ရဲ့ အရန်ကျောင်းများဖြစ်ကြပါတယ်။ အဲဒီကျောင်းများမှ ပြီးမြောက်သူများဟာ သကျက်တော အထက(ခွဲ)တွင်သာ လာရောက်ကျောင်းတက်ကြသဖြင့် နှစ်စဉ်ကျောင်းသားဦးရေ တိုးတက်မှုနှုန်းမြင့်မားလျက်ရှိတာကို တွေ့ရှိနေရပါတယ်။ သကျက်တော အထက(ခွဲ)သည် ပင်မကျောင်းဖြစ်သည့် ရေဖြူ အထကနှင့် (၁၂)မိုင်ခန့် ကွာဝေးပါတယ်။ ကျောင်းအုပ်ချုပ်ရေးပိုင်းဆိုင်ရာနှင့် စာမေးပွဲကိစ္စရပ်များအား ပင်မကျောင်း၏ ဦးဆောင်ညွှန်ကြားမှုကို ခံယူဆောင်ရွက်နေရပါသည်။ အလှမ်းဝေးကွာလှပါသဖြင့် အချို့သော ကိစ္စရပ်များမှာ အခက်အခဲများကြုံကြရသည်များလည်း ရှိပါသည်။ ကိုယ့်ဘာသာကိုယ် ရပ်တည်ဆောင်ရွက်နိုင်ရန်အတွက် ဒေသခံမိဘပြည်သူများက အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခံရမှုကို အထူးလိုလားလျက် ရှိပါသည်။

ကျောင်းအတွက်လိုအပ်သော အဆောက်အဦ ပရိဘောဂများကိုလည်း ကိုယ့်အားကိုယ်ကိုး ဖြည့်ဆည်းဆောင်ရွက်ပေးကြပါသည်။ ပင်မဆောင်၊ ခရေဆောင်၊ သပြေဆောင် စသဖြင့် နှစ်ထပ်ကျောင်းဆောင်ကြီးသုံးဆောင်ကို ကြည့်ခြင်းဖြင့် မိဘများ၏အားပေးမှုကို သုံးသပ်နိုင်ပါသည်။ ပညာရေးဌာနနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးဌာနများမှလည်း အဆင့်ဆင့်ထောက်ခံချက်များရယူ၍ သက်ဆိုင်ရာပညာရေးဌာနသို့ အမှုတွဲများ တင်ပြထားပြီးလည်း ဖြစ်ပါသည်။ သို့ပါ၍ သကျက်တော အထက(ခွဲ) အား အထက်တန်းအဖြစ် အဆင့်တိုးမြှင့်နိုင်ရေးအတွက် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါသည်။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်တွင်းရှိ သကျက်တောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မုံရွာမြို့နယ်၊ လှည်းဒါးကျေးရွာ အခြေခံပညာ မူလတန်းကျောင်းအတွက် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန်နှင့် အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြင့်အောင် က မုံရွာမြို့နယ်၊ လှည်းဒါးကျေးရွာ အခြေခံပညာ မူလတန်းကျောင်းအတွက် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန်နှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ ပညာရေးဆိုင်ရာမေးခွန်းဖြစ်ပါတယ်။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး

ခင်ဗျာ။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ် ခတက္ကန်(တောင်)ကျေးရွာ အုပ်စု၊ လှည်းဒါးကျေးရွာဟာ မုံရွာမြို့ရဲ့ အရှေ့တောင်ဘက် မိုင်(၂၀)ခန့် အကွာမှာ တည်ရှိပြီးတော့ ဗောဓိတထောင် သာသနာ့နယ်မြေရဲ့ အရှေ့ဘက် တောင်ပေါ်ဒေသမှာ တည်ရှိတဲ့ရွာ ဖြစ်ပါတယ်။ အိမ်ခြေ(၁၃၀)ခန့်ရှိပြီးတော့ အစိုးရမူလတန်းကျောင်းတစ်ကျောင်းမှာ ကျောင်းသား/ကျောင်းသူ အခုနှစ်(၁၁၇)ဦး ပညာသင်ကြားလျက်ရှိပါတယ်။ ၎င်းကျောင်းဟာ ကျောင်းဆောင် တစ်ဆောင်သာ ရှိပြီးတော့ ဟိုးအရင်ခေတ်ကဆောက်လုပ်ခဲ့တဲ့ U ပုံစံဖြစ်ပြီးတော့ ဥပဓိရုပ်မကောင်းခြင်း၊ ကျောင်းသား ဦးရေနဲ့ ကျောင်းဆောင်မညီမျှခြင်းတို့ ဖြစ်ပေါ်နေပါတယ်။ ဒါ့အပြင် ဒီကျောင်းဟာ စတုတ္ထတန်း အောင်မြင်ပြီးတဲ့ ကျောင်းသားတွေဟာ (၇)မိုင်ခန့်ဝေးတဲ့ ကျွန်တော်တို့ ခတက္ကန်(တောင်) အထက်တန်း ကျောင်းကို သွားရောက်ပြီးတော့ ပညာသင်ကြားနေရတဲ့အတွက် တချို့သွားရေးလာရေး စီစဥ်မပေးနိုင်တဲ့ ကျောင်းသား/ ကျောင်းသူတွေဟာ ဒါ အလယ်တန်းပညာ ဆက်လက်မသင်ကြားနိုင်ဘဲနဲ့ ပညာရေး အဟောသိကံ ဖြစ်နေပါတယ်။

ဒီဟာနဲ့ပတ်သက်လို့ ဒီကနေ့ ၁၃.၇.၂၀၁၅ ရက်နေ့ မြန်မာ့အလင်းသတင်းစာမှာပါတဲ့ ဒါ သတင်းလေးတစ်ပုဒ်ကိုလည်း ကျွန်တော့်အနေနဲ့ ဒါ ဆက်လက်ပူးတွဲပြီးတော့ တင်ပြလိုပါတယ်။ ဒါက ဒီမှာ သုံးမွှာပူးကလေးများ ပညာသင်ကြားနိုင်ရေး အကူအညီများလိုအပ် ဆိုပြီးတော့ ကျွန်တော်တို့ ဒါ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ ဗောဓိတထောင်နယ်မြေ၊ ခတက္ကန်(တောင်)ရွာအုပ်စု၊ လှည်းဒါးကျေးရွာနေ ဦးကျော်ရွှေ၊ ဒေါ်နှင်းကြည် တို့က မွေးဖွားသည့် သုံးမြွှာပူး သမီးငယ်လေးများ ဖြစ်သည့် မဖြူပြာ၊ မမူယာ၊ မသူဇာ (၁၅)နှစ်တို့သည် မိဘများက ချို့တဲ့သဖြင့် ယခုနှစ် ခတက္ကန် (တောင်)၊ (အထက)နဝမတန်းတွင် ခက်ခဲစွာပညာသင်ကြားနေရကြောင်းသိရသည်။ အဆိုပါ လှည်းဒါး ကျေးရွာသည် မုံရွာမြို့မှ (၁၇)မိုင်ခန့်ကွာဝေးပြီး မိုးရာသီ၌ သွားရေးလာရေး အလွန်ခက်ခဲသည့် ကျေးရွာ တစ်ရွာဖြစ်ပြီး လှည်းဒါးကျေးရွာမှ ပညာသင်ကြားနေသည့် ခတက္ကန်(တောင်)အထကအထိ အသွား အပြန်(၁၄)မိုင်ခန့်ကို နေ့စဥ် အခက်အခဲများစွာဖြင့် သွားလာပညာသင်ကြားနေရကြောင်း သိရသည်။ မိဘများသည် တောင်သူလက်လုပ်လက်စားများ ဖြစ်ကြသဖြင့် အတန်းပညာနှင့်အတူ နေ့စဥ်ကုန်ကျ စရိတ်များကို မတတ်နိုင်တော့သည့်အတွက် သမီးငယ်သုံးဦးကို ကျောင်းနှုတ်ရတော့မည့် အနေအထား နှင့် ရင်ဆိုင်နေရကြောင်းသိရသည်။ ထို့ကြောင့် တတ်အားသ၍ ပညာဒါန ထောက်ပံ့လှူဒါန်းပေး ကြပါရန်နှင့် ထောက်ပံ့လှူဒါန်းလိုသူများအနေနဲ့လည်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ဦးစီးမှူး ဦးအောင်ဝင်းဆွေ၊ ဖုန်း-၀၉၄၀၀၄၀၈၆၉၆ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရပါသည်ဆိုပြီးတော့ ဒီသတင်းလေးပါလာပါတယ်။

အဲဒီလို ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့မေးခွန်းကတော့ (၁) လှည်းဒါးကျေးရွာ(အမက) ကျောင်းအတွက် (၁၀၀ ပေ x ၃၀ ပေ)RC ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဥ်ရှိ/မရှိ (၂) ထိုလှည်းဒါးကျေးရွာ (အမက)ကို အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဥ်ရှိ/မရှိ စတဲ့မေးခွန်းများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် ပြည်သူများကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျာ။

**ပလက်ဝမြို့နယ်၊ သံထောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အနွယ်ရာယ်ရှိ ကျောင်းဆောင်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်း၍ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့ယိန်း က ပလက်ဝမြို့နယ်၊ သံထောင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အနွယ်ရာယ်ရှိ ကျောင်းဆောင်ကို ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်း၍ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးဌေ့ယိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေ့ယိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ အ.ထ.က သံထောင် အနွယ်ရာယ်ရှိ ကျောင်းဆောင်အား ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်း၍ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ပါရန်နဲ့ စပ်လျဉ်းပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အ.ထ.က သံထောင်ကျောင်းဟာ ချင်းပြည်နယ် ပလက်ဝမြို့နယ်၊ လေးမြို့ချောင်းဒေသ သံထောင်ကျေးရွာမှာ တည်ရှိပါတယ်။ ပလက်ဝမြို့ရဲ့ အရှေ့တောင်ဘက်မှာ တည်ရှိပြီးတော့ ပလက်ဝနဲ့ မိုင်(၁၂၀)ခန့် ကွာဝေးပါတယ်။ သံထောင်ကနေ တောင်ဘက် သံထောင်ကနေ ပလက်ဝကို သွားမယ်ဆိုရင် ရခိုင်ပြည်နယ်မှာရှိတဲ့ မြို့နယ်(၃)မြို့နယ်ဖြစ်တဲ့ မင်းပြား၊ မြောက်ဦး၊ ကျောက်တော်မြို့နယ်များကို ဖြတ်သန်းပြီးမှ ကျောက်တော်မြို့ကနေတစ်ဆင့် ကုလားတန်မြစ်အတိုင်း မြောက်ဘက်ကို မိုင်(၄၀)ကျော် ဆန်တက်ရပါတယ်။ မြို့နယ်အတွင်း တစ်နေရာနဲ့ တစ်နေရာ သွားလာရာမှာ နယ်မြေကျယ်ဝန်းပြီး ကားလမ်း ဆိုင်ကယ်လမ်း မရှိသေးခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပါတယ်။ ဒါကြောင့် လူနေမှုအဆင့် လူနေမှုဘဝ နိမ့်ကျဆင်းရဲပြီး ကျေးလက်နေ ပြည်သူများ ပညာရေးဖွံ့ဖြိုးမှု နိမ့်ပါးလျက်ရှိပါတယ်။ အ.ထ.က သံထောင်ကျောင်းရဲ့ ကျောင်းသမိုင်းကို တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ အ.မ.က သံထောင်ကျောင်းကို ၁၉၅၀ ခုနှစ်တွင်လည်းကောင်း၊ အလယ်တန်းကျောင်းအဆင့်ကို ၁၉၇၉ ခုနှစ်တွင်လည်းကောင်း၊ အထက်ကျောင်းအဆင့်ကို ၂၀၁၃ ခုနှစ်တွင်လည်းကောင်း၊ ကျောင်းအဆင့် တိုးမြှင့်ရရှိခဲ့ပါတယ်။ ယခုလက်ရှိ သင်ကြားအသုံးပြုနေတဲ့ ကျောင်းဆောင်ကို ၁၉၇၈ ခုနှစ်တွင် လူထုစုပေါင်း လုပ်အားဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါတယ်။ ဆောက်လုပ်ပြီး နောက်တစ်နှစ် ၁၉၇၉ ခုနှစ်တွင်မှ အစိုးရ ပံ့ပိုးငွေ (၈၀၀၀)ကျပ် ရရှိပြီး တိုးချဲ့ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး အ.ထ.က သံထောင်ကျောင်းရဲ့ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းသားဆရာ အင်အားကို တင်ပြရပါလျှင် မူလတန်းကျောင်းသား စုစုပေါင်း (၁၆၇)ဦးနဲ့ ဆရာ (၅)ဦး၊ အလယ်တန်းအဆင့် ကျောင်းသားပေါင်း (၃၀၆)ဦးနဲ့ ဆရာ (၇)ဦး၊ အထက်တန်းအဆင့် ကျောင်းသား (၈၂)ဦးနဲ့ ဆရာ (၅)ဦး ဖြစ်ပါတယ်။ ယခုနှစ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာလည်း

ကျောင်းသားဦးရေ တိုးတက်လျက်ရှိပါကြောင်း သိရှိရပါတယ်။ ၁၉၇၈ ခုနှစ်က ဆောက်လုပ်ခဲ့တဲ့ အ.မ.ကကျောင်းဆောင်ဟာ ယခုအခါ နှစ်ပေါင်း(၄၀)နီးပါးရှိပြီ ဖြစ်တဲ့အတွက် ခိုင်ခံ့မှုမရှိတော့ပါသဖြင့် အန္တရာယ်ရှိအဆောင်ဖြစ်နေပြီ ဖြစ်ပါတယ်။ လက်ရှိကျောင်းသားဦးရေနဲ့ စာသင်ဆောင်မှာလည်းပဲ ကျောင်းသားဝင်ဆံ့မှု မရှိတော့ပါသဖြင့် သင်ကြားမှု သင်ယူမှုများစွာ အခက်အခဲရှိနေပါတယ်။ ယခုနှစ် ပညာသင်နှစ်မှာ ကျောင်းသားဦးရေ (၆၀၀)နီးပါးရှိပြီး သူငယ်တန်းကနေ ဒသမတန်းထိ ဆရာနဲ့ ကျောင်းသားများရဲ့သင်ကြားမှု အဆင်ပြေချောမွေ့စေရန်အတွက်လည်းကောင်း၊ အဆောက်အဦ အန္တရာယ် ရှိပြီး ခိုင်ခံ့မှုမရှိတော့ပါ၍လည်းကောင်း စသည့်အကြောင်းကြောင့် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာနှစ် ဖြည့်စွက် ရန်ပုံငွေဖြင့် နိုင်ငံတော်အစိုးရမှ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ရေး ရန်ပုံငွေ ချထားပေးနိုင်ပါရန် ဒေသခံကျောင်းသားမိဘများနဲ့ ပြည်သူများကိုယ်စား လေးစားစွာတင်ပြ အပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အ.ထ.က သံထောင်ကျောင်းဆောင်သစ် ဆောက်လုပ်ရရှိရေး ရန်ပုံငွေ တောင်းခံသည့် အမှုတွဲကို သက်ဆိုင်ရာ ပြည်နယ်အစိုးရ ဟားခါးမြို့သို့လည်းကောင်း၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန မန္တလေးသို့ လည်းကောင်း တင်ပြထားပြီး ဖြစ်ပါတယ်။ အမှုတွဲတင် ဆောင်ရွက် ရာတွင် လိုအပ်သည့်ထောက်ခံချက်များ၊ ကျောင်းဦးပိုင်တစ်ခုရဲ့ ရာဇဝင်၊ ကျောင်းဆောင်စနစ်ပုံ ကျောင်းဆောင် လေးမျက်နှာ ဓာတ်ပုံ(၄)ပုံ၊ ကျောင်းဆောင်ဆောက်လုပ်ခြင်းဆိုင်ရာ မြို့ပြအင်ဂျင်နီယာ တွက်ချက်မှု ဇယားများနဲ့ ကျောင်းဆောင်သစ်ရဲ့ပုံစံ ရုပ်ပြပုံဖော်ခြင်းများကိုပါ ပြည့်စုံစွာဖြင့် ပူးတွဲ တင်ပြထားပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ (၁) ချင်း ပြည်နယ် ပလက်ဝမြို့နယ်၊ သံထောင်အခြေခံပညာအထက်တန်းကျောင်း အန္တရာယ်ရှိ ကျောင်းဆောင် အား ကျောင်းဆောင်သစ်ဆောက်လုပ်ပေးနိုင်ရေး ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေ ချထား ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၉။**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနှင့် ပြည်ထောင်စုအဆင့်ဝင် ပုဂ္ဂိုလ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါ စေလို့ ဦးစွာပဏာမဂါရဝပြု ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာဇော်မင်းအောင် က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး(၄) ဦးရဲ့ မေးခွန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ချင်းပြည်နယ် အမှတ် (၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခမ်ဆွင်းမုန် ရဲ့ တီးတိန်မြို့နယ်၊

ဘုတ်ဖီရ် ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့် တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါ တယ်ခင်ဗျား။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ တီးတိန်မြို့နယ် ဘုတ်ဖီရ်ကျေးရွာ အခြေခံ ပညာအလယ်တန်းကျောင်း(ခွဲ)မှာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အလယ်တန်းအဆင့်သင် ကျောင်းသား ဦးရေဟာ (၁၂၀)ဦးမျှသာ ရှိပါတယ်။ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့် တိုးမြှင့်ပေးဖို့ အတွက် အလယ်တန်းအဆင့်သင် ကျောင်းသား(၂၄၀)ဦးနှင့်အထက် ရှိရမည်လို့ သတ်မှတ်ထားတဲ့ အတွက် သတ်မှတ်မူဘောင် ကိုက်ညီမှုမရှိသေးပါသဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ် ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးတင်မောင်မြင့် ရဲ့ ထားဝယ်ခရိုင် လောင်းလုံမြို့နယ် အတွင်းရှိ သကျက်တော ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ကျွန်တော်ကပဲ ဆက်လက်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် သကျက်တောကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ အထက်တန်းအဆင့်သင် ကျောင်းသားဦးရေဟာ(၉၅)ဦးသာရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ အခြေခံ ပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ဖို့အတွက် အထက်တန်းအဆင့်သင် ကျောင်း သားဦးရေဟာ (၂၀၀)နဲ့အထက် ရှိရမှာဖြစ်တဲ့အတွက် အခု လက်ရှိအနေအထားမှာ သတ်မှတ် မူဘောင်နှင့်ကိုက်ညီမှု မရှိသေးပါသဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ အခြေခံပညာအထက်တန်း ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

တတိယမြောက်မေးခွန်းအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၄) မဲဆန္ဒနယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါက်တာဝင်းမြင့်အောင် ရဲ့ မုံရွာမြို့နယ်၊ လှည်းဒါးကျေးရွာ အခြေခံ ပညာမူလတန်းကျောင်းအတွက် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန်နှင့် အခြေခံပညာ အလယ်တန်း ကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြား သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အတွင်း အခြေခံပညာကျောင်းများမှာ ကျောင်းဆောင်သစ်များ ဆောက်လုပ်ဖို့အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ် ငွေလုံးငွေရင်းခေါင်းစဉ်အောက်မှာ အခြေခံပညာကျောင်းပေါင်း (၁၁)ကျောင်းအတွက် ငွေကျပ် (၆၅၁.၆)သန်းအား ခွဲဝေပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လှည်းဒါးကျေးရွာ အခြေခံပညာမူလတန်း ကျောင်းမှာ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် လောလောဆယ်အစီအစဉ် မရှိသေးပါကြောင်းနဲ့ လှည်းဒါးကျေးရွာ အခြေခံပညာမူလတန်းကျောင်းအား ၉-၆-၂၀၁၅ ရက်နေ့မှာ အခြေခံပညာ မူလတန်း လွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

စတုတ္ထမြောက် နောက်ဆုံးမေးခွန်းအနေနဲ့ ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဌေ့ယိန်း ရဲ့ ပလက်ဝမြို့နယ် အန္တရာယ်ရှိကျောင်းဆောင် ဖြစ်တဲ့ အ.ထ.က သံထောင် ကျောင်းဆောင်အား ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါ တယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းရှိ အခြေခံ ပညာကျောင်းများမှာ ကျောင်းဆောင်သစ်များ ဆောက်လုပ်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခေါင်းစဉ်အောက်မှာ အခြေခံပညာကျောင်းပေါင်း(၂၀)အတွက် ငွေကျပ်(၅၅၆.၂)သန်း အား ခွဲဝေချထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခုကိုယ်စားလှယ်ကြီး မေးမြန်းတင်ပြထားတဲ့ သံထောင် အခြေခံပညာအထက်တန်းကျောင်းမှာ ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရဲ့ ဖြည့်စွက်ရန်ပုံငွေမှာ တင်ပြတောင်းခံပြီး ခွင့်ပြုချက်ရရှိမှသာလျှင် ဆောင်ရွက်ပေးနိုင် မည်ဖြစ်ပါကြောင်း လေးစားစွာရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျား။

## ဘုန်းတော်ကြီး သင် ပညာရေးကျောင်းများရှိ ဆရာ/ဆရာမများအား ထောက်ပံ့ကြေးငွေ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး က ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများရှိ ဆရာ/ဆရာမများအား ထောက်ပံ့ကြေးငွေ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည် တော်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသော်ဇင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများရှိ ဆရာ/ဆရာမများအား ထောက်ပံ့ကြေးငွေ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိအား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်ဖြစ်တဲ့ ပခုက္ကူမြို့နယ်အတွင်းမှာ ပညာရေးနဲ့ ပတ်သက်ပြီးတော့မှ အထက်တန်းကျောင်း ပေါင်း (၁၁)ကျောင်း၊ အလယ်တန်းကျောင်းနဲ့ အလယ်တန်းကျောင်း (ခွဲ)(၁၀)ကျောင်း၊ မူလတန်း ကျောင်း (၁၈၈) ကျောင်းနဲ့ ပညာသင်ကြားပေးလျက်ရှိပါတယ်။

၎င်းအပြင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း(၁၄)ကျောင်းမှ ပခုက္ကူမြို့ပေါ်နှင့် ကျေးရွာ များရှိ ကျောင်းနေရန်အခြေအနေမပေးတဲ့ ကျောင်းသားကလေးသူငယ်များ အခြေခံပညာအလယ်တန်း

ပညာ၊ အထက်တန်းပညာတို့ကို သင်ကြားပေးလျက်ရှိပါတယ်။ ပခုက္ကူမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှာ ကျောင်းသား/ ကျောင်းသူ (၃၇၁၄)ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရပါတယ်။ ၎င်းဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှာ တာဝန်ယူသင်ကြားလျက်ရှိကြတဲ့ ဆရာ/ဆရာမဦးရေမှာ (၁၅၀)ဦးရှိပါတယ်။ သင်ကြားပေးနေသော ဆရာ/ဆရာမများအနေနဲ့ ကျောင်းသားကလေးများရဲ့ပညာရေးအတွက် ဝါသနာစေတနာထားပြီးတော့ ငွေကြေးကိုအဓိကမထားဘဲနဲ့ အနစ်နာခံ၍ သင်ကြားပေးလျက်ရှိကြရာမှာ နိုင်ငံတော်မှ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဖွံ့ဖြိုးတိုးတက်စေရန် အရှည်တည်တံ့ခိုင်မြဲစေရန် ရည်ရွယ်လျက် သင်ကြားပေးလျက်ရှိပြီးသော ဆရာ/ဆရာမများအား မူလတန်းပြဆရာတစ်ဦးလျှင်(၃၆၀၀၀)ကျပ်၊ မူလတန်းလွန် ဆရာ/ဆရာမ တစ်ဦးလျှင် (၄၅၀၀၀)ကျပ် ထောက်ပံ့ပေးလျက်ရှိပါတယ်။ နိုင်ငံတော်မှထောက်ပံ့ချီးမြှင့်ပေးသော ငွေများကို အပြည့်အဝရရှိခြင်းမရှိဘဲနဲ့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် ဆရာ/ဆရာမများမှာ ဝေမျှပြီးတော့ခံစားကြရပါတယ်။ ထောက်ပံ့ကြေး(၃)ဦးသာရရှိသော ကျောင်းမှာဆရာ/ဆရာမ(၅)ဦး ရှိပါက (၅)ဦးမျှဝေပြီးတော့ခံစားကြရပါတယ်။ နိုင်ငံတော်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ပြီးတော့ အစိုးရဝန်ထမ်းများရဲ့လစာငွေများကို တိုးမြှင့်ခံစားခွင့်ပြုရာမှ အစိုးရဝန်ထမ်းလစာများနဲ့ ယခင်ကထက် အဆင်ပြေလာကြပါတယ်။ အစိုးရအတန်းကျောင်းများတွင် တာဝန်ထမ်းဆောင်နေကြသော ဆရာ/ဆရာမများလည်း ရရှိခံစားကြပါတယ်။ အစိုးရအတန်းကျောင်းများနည်းတူ ပညာတတ်မြောက်မှုအတွက် သာမက ကျောင်းသားကလေးသူငယ်များရဲ့ လိမ္မာရေးကြားရှိစေရေးအတွက် ယဉ်ကျေးလိမ္မာသင်တန်းများပါ တွဲဖက်ပြီးသင်ကြားပေးလျက်ရှိသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှာ တစ်နိုင်ငံလုံးတွင် ကျောင်းပေါင်း(၁၅၀၀၀)ကျော်ခန့်ရှိပြီး ကျောင်းသား/ကျောင်းသူ(၂)သိန်းကျော်အား ပညာသင်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ပညာရေးမှာ တစ်ဖက်တစ်လမ်းမှတာဝန်ယူ သင်ကြားပေးလျက်ရှိသော ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများရှိ ဆရာ/ဆရာမများမှာလည်း လက်ရှိရရှိထားသော ထောက်ပံ့ကြေးများအား နိုင်ငံတော်မှတိုးမြှင့်ပေးမည်ကို မျှော်လင့်လျက် ရှိကြပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများရှိ ဆရာ/ဆရာမများကို ထောက်ပံ့ပေးလျက်ရှိသော ထောက်ပံ့ကြေးငွေအား တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူများကိုယ်စားမေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၈။**

**ဒေါက်တာမောင်မောင်ဌေး (ဒုတိယဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာဂါရဝပြုဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး

ဒေါက်တာမောင်မောင်ဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦး ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး သာသနာရေးဝန်ကြီးဌာနကိုယ်စား ဖြေကြားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သာသနာရေး ဝန်ကြီးဌာန အနေဖြင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှာ သင်ကြားပြသပေးနေသော ဆရာ/ဆရာမများအတွက် သာသနာရေးဝန်ကြီးဌာနရဲ့ ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေမှ မူလတန်းအဆင့်သင် ဆရာ/ဆရာမတစ်ဦးလျှင် (၃၆၀၀၀)ကျပ်၊ အလယ်တန်းအဆင့်သင် ဆရာ/ဆရာမ တစ်ဦးလျှင် (၄၁၀၀၀) ကျပ်၊ အထက်တန်းအဆင့် ဆရာ/ဆရာမတစ်ဦးလျှင် (၄၅၀၀၀)ကျပ်နှုန်းဖြင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် မှစ၍ ယခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ လစဉ် ထောက်ပံ့ပေးလျက်ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ဆရာ/ဆရာမ(၆၈၂၀)ဦးအတွက် ငွေကျပ်(၃)ဘီလီယံနှင့် ၂၀၁၄-၂၀၁၅ ပညာသင် နှစ်တွင် ဆရာ/ဆရာမ(၇၄၅၇)ဦးအတွက် ငွေကျပ်(၃.၃၂၆)ဘီလီယံ ထောက်ပံ့ပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ဆရာ/ဆရာမ (၇၅၈၄)ဦးအတွက် ငွေကျပ်(၃.၄၇၅)ဘီလီယံ ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သာသနာရေးဝန်ကြီးဌာနအနေဖြင့် ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေမှ လစဉ် ထောက်ပံ့ပေးလျက်ရှိပါကြောင်းနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာ/ဆရာမများအား ထောက်ပံ့ကြေးငွေ တိုးမြှင့်ပေးရန် ကိစ္စနှင့်စပ်လျဉ်း၍ ဘတ်ဂျက်ခွင့်ပြုငွေ တိုးမြှင့်ရရှိသည့် အခြေ အနေပေါ်မူတည်၍သာ ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားရှင်းလင်း တင်ပြအပ်ပါ တယ်။

**နိုင်ငံခြားမှ တရားဝင်အခွန်ပေးဆောင်၍ တင်သွင်းလာခဲ့သော မော်တော်ယာဉ်များသည် ရန်ကုန် ဆိပ်ကမ်းသို့ရောက်ရှိပြီး ပိုင်ရှင်မှထုတ်ယူသောအခါ မူလက ပါဝင်ခဲ့သော ကားအတွင်းပိုင်း ပစ္စည်းများ ခိုးယူခံနေရခြင်းသည် မည်သူ့တွင် တာဝန်ရှိသည်ကို သိရှိလိုကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ် ကားပစ္စည်း အခွန်လွတ်စျေး၌ ရောင်းချနေသော မော်တော်ယာဉ်အပိုပစ္စည်းများ၏ ၉၀ရာခိုင်နှုန်းသည် နယ်စပ်မှမှောင်ခိုတင်သွင်းလာခြင်းမဟုတ်ဘဲ ဆိပ်ကမ်းမှ ခိုးယူလာသော ပစ္စည်းများဖြစ်နေကြောင်း သိရှိရပြီး ထိုကဲ့သို့ ခိုးယူမှုပပျောက်အောင် ဆောင်ရွက်မည့်အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က နိုင်ငံခြားမှ တရားဝင်အခွန်ပေးဆောင်၍ တင်သွင်းလာခဲ့သော မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိပြီး ပိုင်ရှင်မှထုတ်ယူသောအခါ မူလကပါဝင်ခဲ့သော ကားအတွင်းပိုင်းပစ္စည်းများ ခိုးယူခံနေ ရခြင်းသည် မည်သူ့တွင်တာဝန်ရှိသည်ကိုသိရှိလိုကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ် ကားပစ္စည်းအခွန်လွတ်စျေး၌ ရောင်းချနေသော မော်တော်ယာဉ်အပိုပစ္စည်းများ၏ ၉၀ရာခိုင်နှုန်းသည် နယ်စပ်မှမှောင်ခို တင်သွင်းလာခြင်းမဟုတ်ဘဲ ဆိပ်ကမ်းမှ ခိုးယူလာသော ပစ္စည်းများ ဖြစ်နေကြောင်း သိရှိရပြီး ထိုကဲ့သို့ ခိုးယူမှုပပျောက်အောင် ဆောင်ရွက်မည့် အစီအစဉ်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများနဲ့ ကော်မရှင်အဖွဲ့ဝင်များအားလုံး ကျက်သရေ မင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာ ပထမနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော် တင်ပြမေးမြန်း လိုတဲ့ မေးခွန်းကတော့ နိုင်ငံခြားမှ တရားဝင်အခွန်ပေးဆောင်၍ တင်သွင်းလာခဲ့သော မော်တော်ယာဉ် များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိပြီး ပိုင်ရှင်မှထုတ်ယူသောအခါ မူလကပါဝင်ခဲ့သော ကားအတွင်း ပိုင်းပစ္စည်းများ ခိုးယူခံနေရခြင်းသည် မည်သူ့တွင် တာဝန်ရှိသည်ကို သိရှိလိုကြောင်းနှင့် ရန်ကုန်တိုင်း ဒေသကြီး၊ တာမွေမြို့နယ် ကားပစ္စည်း အခွန်လွတ်ဈေး၌ ရောင်းချနေသော မော်တော်ယာဉ်အပို ပစ္စည်းများ၏ ၉၀% သည် နယ်စပ်မှမှောင်ခို တင်သွင်းလာခြင်း မဟုတ်ဘဲ ဆိပ်ကမ်းမှ ခိုးယူထားသော ပစ္စည်းများ ဖြစ်နေကြောင်း သိရှိရပြီး ထိုကဲ့သို့ ခိုးယူမှု ပပျောက်ရန် ဆောင်ရွက်မည့် အစီအစဉ်ကို သိရှိလိုပါကြောင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆိပ်ကမ်းသို့ ရောက်လာတဲ့ တရားဝင်တင်သွင်းလာတဲ့ မော်တော်ယာဥ်တွေကို အတွင်းပိုင်းပစ္စည်းတွေဖြစ်တဲ့ တီဗွီတို့၊ ကတ်ဆက်တို့၊ Spare ဘီးကစပြီးတော့ မီးလုံး၊ ခြေနင်းကြမ်းခင်းပြားကစပြီး Remote Control မှာ ထည့်တဲ့ Socket ပြားအထိ အမျိုးစုံထုတ်ယူခိုးဝှက်ပြီးတော့ တာမွေအခွန်လွတ်ဈေးကို ရောင်းချနေတဲ့ ကိစ္စရပ်ဟာ ဆိပ်ကမ်းကိုရောက်နေတဲ့ မော်တော်ယာဥ်အားလုံး ခံစားနေရတဲ့ ကိစ္စဖြစ်ပါတယ်။ ဒီကိစ္စက မထူးဆန်း တော့တဲ့ ကိစ္စရပ်သဖွယ်လည်း ဖြစ်နေပါတယ်။ အချို့ပုဂ္ဂိုလ်များဟာ နိုင်ငံရပ်ခြားမှာ မိမိစိတ်ကြိုက် ကားကို တွေ့ရှိပြီးတော့ ပစ္စည်းစုံပါဝင်မှုကို လျှို့ဝှက်သင်္ကေတပြုပြီးတော့ သင်္ဘောဖြင့် တင်ပို့လိုက် ပါတယ်။ ရန်ကုန်ဆိပ်ကမ်းကို ရောက်ရှိပြီး ထုတ်ယူတဲ့အခါမှာ တီဗွီပါမလာတော့တဲ့အတွက်ကြောင့် တာမွေအခွန်လွတ်ဈေးမှာ အစားထိုးတပ်ဆင်ဖို့ လိုက်ရှာတဲ့အခါမှာ ၎င်းကိုယ်တိုင် လျှို့ဝှက်အမှတ် အသားပြုထားတဲ့ကားရဲ့ တီဗွီကို ပြန်တွေ့ပြီးတော့ ပေါက်ဈေးပေးပြီး ဝယ်ယူတပ်ဆင်ခဲ့ရကြောင်း သိရှိ ရပါတယ်။

အထက်ပါဈေးကွက်ကြီးဟာ သန်းပေါင်းများစွာတန်ဖိုးရှိတဲ့ သူခိုးဈေးကွက်ကြီးဖြစ်ပါတယ်။ တာမွေအခွန်လွတ်ဈေး ကားပစ္စည်းတန်းကို ရောက်ရှိလာတဲ့ပစ္စည်းများဟာ တရားဝင် သွင်းကုန်ထုတ်ကုန် လိုင်စင်ဖြင့် တင်သွင်းလာသောပစ္စည်းများ မဟုတ်ဘူးဆိုတာကို အလွယ်တကူ စစ်ဆေးတွေ့ရှိနိုင် ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နယ်စပ်ကနေ မှောင်ခိုတင်သွင်းလာတဲ့ ကားပစ္စည်းတွေဟာ Mobile Team ရဲ့ ထိရောက်စွာ အဆင့်ဆင့်ပိတ်ဆို့ဖမ်းဆီးမှုကြောင့် အဝင်မရှိသလောက်အောင် ဖြစ်နေပါ တယ်။ သို့သော်လည်း ကားပစ္စည်း ရောင်းချသူများဟာ ဆိပ်ကမ်းက အလွယ်တကူ ရရှိနေတဲ့အတွက် အပြိုးမပျက် ရောင်းချနေနိုင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မည်သည့် Model ကားရောက်သည်ဖြစ်စေ အဲဒီ ကားရဲ့ Spare Part ပစ္စည်းဟာ အဲဒီဈေးမှာရောက်နေပြီး ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆိပ်ကမ်းမှာ ရောက်ကတည်းက အဲဒီ Spare Part ကိုဖြုတ်ပြီးတော့ ရောင်းလိုက်ပြီဖြစ်တဲ့အတွက်

မှောင်ခိုဈေးမှာအဲဒီ တာမွေအခွန်လွတ်ဈေးကို ရောင်းလိုက်ပြီ ဖြစ်တဲ့အတွက် ကားသွားရွေးတဲ့လူက ကိုယ့်ကားမှာ ပစ္စည်းမပါတော့ဘူး။ ငါ့ကားကတော့ Model အသစ်ပဲ ဒီ Model ဗမာပြည်မှာ မရှိသေးဘူး အခုမှ ဝင်တာ ဒီထဲက ပစ္စည်းလေးများ ရှိမှ ရှိပါ့မလားဆို မယုံမရှိနဲ့ သွားမေးလိုက်ရင် ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီကားကပစ္စည်းပဲ ဒီဈေးကိုရောက်နေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၎င်းကိစ္စဟာ ဆိပ်ကမ်းအာဏာပိုင်မှာတာဝန်ရှိတယ်လို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်။ နိုင်ငံအတွက် ရှက်ဖွယ်ကောင်းတဲ့ကိစ္စရပ် တစ်ရပ်လို့လည်း ထင်မြင်ယူဆပါတယ်။ သို့ဖြစ်ပါ၍ အထက်ပါမေးခွန်းအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၄။**

**ဦးဟံစိန် (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်းဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဟံစိန် ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ မေးမြန်းထားတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ဆိပ်ကမ်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ဆိပ်ကမ်းလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိစေရန်၊ အမှီအခိုကင်းစွာရပ်တည်ခွင့်ရှိသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အဖွဲ့အစည်းအဖြစ် ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများကို ပြောင်းလဲ ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်ရဲ့ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအား စနစ်တကျစည်းကမ်းချက်များ သတ်မှတ်လုပ်ကိုင်ခွင့်ပြုနိုင်ရန် ဆိပ်ကမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်ပနိုင်ငံများနှင့်လည်းကောင်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီးတော့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ၂၁ ဖြင့် ပြဋ္ဌာန်းထားခဲ့ပြီးဖြစ်ပါတယ်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဟာ ဒီဥပဒေအရ ခေတ္တအပ်နှံတဲ့ကုန်စည်ကို အလေးချိန် ပမာဏ တန်ဖိုးနှင့်တူညီသော မိမိ၏ကုန်စည်ကဲ့သို့ သဘောထားပြီး အတတ်နိုင်ဆုံး ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိတယ်ဆိုပြီးတော့ ဒီဥပဒေရဲ့ ပုဒ်မ ၂၄(ခ)မှာ ပြဋ္ဌာန်းထားပြီးတော့ ကုန်စည်အပ်နှံသူနှင့် သဘောတူညီချက်ရှိလျှင် ခေတ္တအပ်နှံထားသည့် ကုန်စည်ကို မိမိ၏ပျက်ကွက်မှုကြောင့် ကုန်စည်များ ပျောက်ဆုံးခြင်း၊ ပျက်စီးယိုယွင်းခြင်း သို့မဟုတ် ယုတ်လျော့ခြင်း ဖြစ်ပေါ်ပါက မိမိတွင် တာဝန်ရှိသည်ဆိုပြီးတော့ ပုဒ်မ ၂၄(ခ)မှာလည်း ပြဋ္ဌာန်းထားကြောင်း၊ အဲဒီဟာတွေကို ကျွန်တော် ဦးစွာတင်ပြအပ်ပါတယ်။

ကျွန်တော်တို့ မော်တော်ယာဥ်တင်သွင်းမှုနှင့်ပတ်သက်ပြီးတော့ နိုင်ငံတော်ကမော်တော်ယာဥ်တွေကို အထူးအစီအစဥ်ဖြင့် တင်သွင်းခွင့်ပြုခဲ့တဲ့နေရာမှာ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလမှစပြီးတော့ မော်တော်ယာဥ်တင် သင်္ဘောများ ရန်ကုန်ဆိပ်ကမ်းသို့ဝင်ရောက်မှု များပြားလာခဲ့ပါတယ်။ မော်တော်ယာဥ်များ တင်သွင်းတဲ့နေရာမှာ မော်တော်ယာဥ် အသစ် Brand New အနည်းငယ်သာ ပါဝင်ပြီးတော့ အများစုကတော့ Reconditioned/Used Vehicle ဆိုတဲ့ အသုံးပြုပြီး မော်တော်ယာဥ် များသာ ဖြစ်ပါတယ်။ တင်သွင်းလာတဲ့ မော်တာ်ယာဥ်များရဲ့ ကိုယ်ထည်နှင့် အတွင်းပိုင်းများမှာ ပါရှိရမယ့် ပစ္စည်းများမှာ မော်တော်ယာဥ်အသစ်တွေမှာ တူညီစွာပါရှိပေမယ့် အသုံးပြုပြီးတဲ့ Reconditioned/ Used Vehicle များအနေနဲ့ကတော့ မော်တော်ယာဥ် တစ်စီးချင်းအပေါ်လိုက်ပြီးတော့ ကိုယ်ထည် ထိခိုက်မှု အပြစ်အနာအဆာနှင့် အတွင်းခန်းပစ္စည်း ပါရှိမှုတွေဟာ ကွာခြားမှုတွေ ရှိပါတယ်။

ကျွန်တော်တို့ ပုဂ္ဂလိကဆိပ်ကမ်းများမှာ လူနှင့်ကုန်ပစ္စည်း အန္တရာယ်ကင်းရှင်းရေး၊ မော်တော်ယာဥ်များမှ ပစ္စည်းများပျောက်ဆုံးပျက်စီးမှု မရှိစေရေးတို့အတွက် ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့မှာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်မှာ ကျင်းပခဲ့ပါတယ်။ အစည်းအဝေးမှာ ဆွေးနွေးချက်တွေအရ နိုင်ငံခြားမှ တင်သွင်းလာတဲ့ မော်တော်ယာဥ်များမှာ တပ်ဆင် ထားတဲ့ပစ္စည်းများ လျော့နည်းပျောက်ဆုံးမှု ဖြစ်ပွားစေရတဲ့ အကြောင်းအရင်းတွေကတော့ သင်္ဘောဆိုက်ကပ်ချိန်များမှာပင် ပျက်စီးနေခြင်း၊ လျော့နည်းပျောက်ဆုံးနေခြင်း၊ (၂) သင်္ဘောပေါ်မှ ရေသိုလှောင်ရာဝင်း၊ ဂိုထောင်သို့ပို့စဥ် ယာဥ်မောင်းသူများကြောင့် ပျက်စီးပျောက်ဆုံးခြင်း၊ (၃) မော်တော်ယာဥ် ထားသိုရာဝင်း၊ ဂိုထောင်များမှာထားရှိစဥ် ပျက်စီးပျောက်ဆုံးခြင်း၊ (၄) ကုန်ပစ္စည်း လာရောက်ထုတ်ယူ သူမှာ Inspection Sheet နှင့် တိုက်ဆိုင်စစ်ဆေးလက်ခံပြီး အကောက်ခွန်ဆိုင်ရာ စစ်ဆေးမှု မပြုလုပ်မီနှင့် ပြုလုပ်ပြီးချိန်များတွင် မော်တော်ယာဥ်ကို စနစ်တကျမထိန်းသိမ်းဘဲ ပေါ့လျော့စွာထားရှိခြင်းကြောင့် ပျက်စီးပျောက်ဆုံးခြင်း၊ နောက် မော်တော်ယာဥ် လက်ရောက်ထုတ်ယူသူများမှလည်း ယာဥ်ပါပစ္စည်းတွေကို တခြားယာဥ်တွေက ခိုးယူခြင်း၊ မိမိထုတ်ယူတဲ့ယာဥ်ကို ပိုင်ရှင်ထံ မအပ်နှံမီ Agent က ဒီ ပစ္စည်းတွေကို ခိုးယူခြင်း။ (၅) မော်တော်ယာဥ်တွေကို ဆိပ်ကမ်းအတွင်းမှ ထုတ်ယူသွားပြီးနောက် ဆိပ်ကမ်းပြင်ပမှာ ပေါ့လျော့စွာ ရပ်နားထားခြင်းကြောင့် ပျက်စီးပျောက်ဆုံးမှုများ ဖြစ်ပွားခြင်းဆိုပြီးတော့ ဒီလို အကြောင်းအရင်းတွေကြောင့် ပျောက်ဆုံးမှုတွေ ဖြစ်ပါတယ်။

အစည်းအဝေးရဲ့ ဆုံးဖြတ်ချက်အရ မော်တော်ယာဥ်တင်သင်္ဘောတစ်စီး ဆိပ်ကမ်းတံတားမှာ ဆိုက်ကပ်လာလို့ရှိရင် မော်တော်ယာဥ်များ ချယူခြင်းနှင့် ဆိပ်ကမ်းတွင်းမှ ထုတ်ပေးမှု လုပ်ငန်းစဥ်ကို အဆင့်လိုက်တွေ ခွဲခြားပြီးတော့ ဆောင်ရွက်သွားဖို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် သက်ဆိုင်ရာ ပုဂ္ဂလိက ဆိပ်ကမ်းများကို ညွှန်ကြားခဲ့ပါတယ်။

ဒီအဆင့်တွေကတော့ အဆင့်(၁) သက်ဆိုင်ရာ သင်္ဘောလိုင်းဌာနေ ကိုယ်စားလှယ် များက သင်္ဘောပေါ်မှာ မော်တော်ယာဥ်များရဲ့ အခြေအနေကိုဓာတ်ပုံဖြင့် မှတ်တမ်းတင်ထားရှိခြင်း၊ အဆင့်(၂) မော်တော်ယာဥ်တင် သင်္ဘောပေါ်မှ သက်ဆိုင်ရာ ဆိပ်ကမ်းတံတားရှိ မော်တော်ယာဥ်များထားသိုရာ လွင်ပြင်/ဂိုဒေါင်သို့ သင်္ဘောလိုင်းဌာနေ ကိုယ်စားလှယ်များက စီစဥ်သော ယာဥ်မောင်းများဖြင့် မောင်းနှင်ပို့ဆောင်ခြင်း၊ အဆင့်(၃) ဆိပ်ကမ်းတံတား/ဂိုဒေါင်သို့ ရောက်ရှိလာသော မော်တော်ယာဥ်များရဲ့ အခြေအနေကို ဓာတ်ပုံဖြင့် မှတ်ပုံတင်ခြင်း၊ အဆင့်(၄) မော်တော်ယာဥ်များ လွင်ပြင်/ဂိုဒေါင်သို့

ရောက်ရှိပြီးနောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာန၊ သင်္ဘောလိုင်းဌာနေ ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာ ဆိပ်ကမ်းတံတားတို့မှ တာဝန်ရှိသူတစ်ဦးစီပါဝင်တဲ့ စစ်ဆေးရေး အဖွဲ့ဝင်(၃)ဦးနှင့် မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် ၎င်း၏ကိုယ်စားလှယ် Agent တို့က မော်တော် ယာဉ်များပေါ်တွင် ပါရှိသည့် ပစ္စည်းတွေကို စစ်ဆေးပြီး Inspection Sheet တွင် ဖြည့်သွင်း၍ စစ်ဆေးရေးအဖွဲ့နှင့် မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် ၎င်း၏ Agent လက်မှတ်ရေးထိုးထားတဲ့ Inspection Sheet ကို သက်ဆိုင်ရာ အဖွဲ့အစည်း(၃)ခုနှင့် ယာဉ်ပိုင်ရှင်တို့မှ တစ်စုံစီ ထိန်းသိမ်း ထားရှိပြီး မော်တော်ယာဉ်ထဲမှာလည်း တစ်စုံထားရှိ ထားပါတယ်။ အဆင့်(၅) အနေနဲ့ကတော့ မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် ၎င်းရဲ့ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သူက မော်တော်ယာဉ်လာ ရောက်ထုတ်ယူသောအခါ သက်ဆိုင်ရာ ဆိပ်ကမ်းမှ ထိန်းသိမ်းထားတဲ့ မော်တော်ယာဉ်အား Inspection Sheet နှင့် တိုက်ဆိုင်စစ်ဆေးပြီး လာရောက်ထုတ်ယူသူမှ ကျေနပ်မှုရှိလို့ရှိရင် မော်တော် ယာဉ်ကို ထုတ်ပေးခြင်းဆိုပြီးတော့ ဒီအဆင့်တွေအတိုင်း ရောက်ရှိထုတ်ပေးလျက်ရှိပါတယ်။

ဒီဖော်ပြပါ လုပ်ငန်းစဉ်အလိုက် တာဝန်ရှိမှု အဆင့်ဆင့်ကိုလည်း သတ်မှတ်တဲ့ နေရာမှာ သက်ဆိုင်ရာ နိုင်ငံခြားကုန်တင်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိပြီး မော်တော်ယာဉ် ထားသိုရာ လွင်ပြင်ရောက်သည်အထိ ကာလအတွင်း မော်တော်ယာဉ်ပစ္စည်းများ ပျက်စီးပျောက်ဆုံးခြင်းအတွက် သင်္ဘောလိုင်းမှာ တာဝန်ရှိမှာဖြစ်ပါတယ်။ စစ်ဆေးရေးအဖွဲ့စစ်ဆေးပြီး သက်ဆိုင်ရာ ဆိပ်ကမ်းတံတား က Inspection Sheet နှင့် မော်တော်ယာဉ်ကို လက်ခံပြီးသည့်အချိန်မှ ကုန်ပိုင်ရှင် သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ် Agent လာရောက်ထုတ်ယူချိန် ကာလအတွင်း ပျက်စီးပျောက်ဆုံးခြင်းအတွက်ကို ဆိပ်ကမ်းတံတားမှာ တာဝန်ရှိမှာ ဖြစ်ပါတယ်။

မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် ၎င်း၏ကိုယ်စားလှယ် Agent အဖြစ် ဆောင်ရွက်သူက Inspection Sheet နှင့် မော်တော်ယာဉ်ကို တိုက်ဆိုင်စစ်ဆေးပြီး လက်ခံရယူပြီးချိန်မှစပြီးတော့ ပျက်စီးပျောက်ဆုံးခြင်းများအတွက်ကိုတော့ လာရောက်ထုတ်ယူသူ မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် သူ့ရဲ့ Agent အဖြစ် ဆောင်ရွက်သူမှာ တာဝန်ရှိမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့မှာရှိတဲ့ ဆိပ်ကမ်းများရဲ့ လုံခြုံရေးဆောင်ရွက်နေမှုကို စိစစ်တဲ့နေရာမှာ မြန်မာ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါ MITT မှာ ဆိပ်ကမ်းလုံခြုံရေးအရာရှိ ဦးအေးချမ်း ဦးစီးသည့် လုံခြုံရေးအင်အား(၁၀၃)ဦး၊ သူ့ဘေးနားမှာရှိတဲ့ မြန်မာအင်ဒီဂရိတ်တတ်ပို့စ်လီမီတက် သီလဝါ ဆိပ်ကမ်း (MIPL)မှာတော့ ဆိပ်ကမ်းလုံခြုံရေးအရာရှိ ဦးလှဝေ ဦးစီးသည့် လုံခြုံရေးဝန်ထမ်း (၄၆)ဦး တို့က ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်မှုမှာ လုံခြုံရေးကိစ္စရပ်တွေကို ဆောင်ရွက်ပေးလျက်ရှိ ကြောင်းလည်း တွေ့ရှိပါတယ်။

မြန်မာအပြည်အပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း (MITT)နှင့် (MIPL)ဆိပ်ကမ်း(၂)ခုရဲ့ ရေပြင် လုံခြုံရေးနှင့် အတွင်းစည်းလုံခြုံရေးကို ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်မှာရှိတဲ့ မြန်မာနိုင်ငံ ရေကြောင်းရဲတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့မှ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ (MITT)ဆိပ်ကမ်း ဝင်းအတွင်းမှာ CCTV ကင်မရာ (၃၄)လုံး၊ (MIPL) ဆိပ်ကမ်းဝင်းအတွင်းမှာ CCTV ကင်မရာ (၁၅) လုံးတို့ကို တပ်ဆင်ထားရှိပြီးတော့ လုံခြုံရေးအခြေအနေများကို စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၃ ခုနှစ်ကနေပြီးတော့ ၂၀၁၅ ခုနှစ်၊ ဇွန် (၂၂)ရက်နေ့အထိ ရန်ကုန်မြို့ရှိ

ဆိပ်ကမ်းအသီးသီးကနေ ကားပစ္စည်းများ ခိုးယူခံရတဲ့အတွက် တိုင်ကြားမှု တစ်စုံတစ်ရာ မရှိသကဲ့သို့ ဖမ်းဆီးရမိမှုလည်း မရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြန်ကြားထားပါတယ်။

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၄)ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ တရားမဝင်ကုန်သွယ်မှု တားဆီး ထိန်းချုပ်ရေးဗဟိုကော်မတီ တတိယအကြိမ်အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်ဆိပ်ကမ်း နယ်မြေသည် ကုန်သွယ်မှုပမာဏရဲ့ (၈၀) ရာခိုင်နှုန်းကျော်ရှိသည့်အတွက် တရားမဝင် ကုန်သွယ်မှု များကို တားဆီးထိန်းချုပ်ဖို့အတွက် နိုင်ငံတော်သမ္မတရုံးရဲ့ ခွင့်ပြုချက်အရ Mobile Team ဖွဲ့စည်း ပြီးတော့ ဆောင်ရွက်ပါတယ်။ Mobile Team များအနေဖြင့် ၂၀၁၅ ခုနှစ်၊ ဧပြီလ (၃)ရက်နေ့မှစ၍ ရန်ကုန်ဆိပ်ကမ်းတွင် အကောက်ခွန်ဦးစီးဌာနနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အဖွဲ့ဝင်များ ပူးပေါင်း ပြီးတော့ ကွန်တိန်နာ(၁၀၀)ကျော်ကို ဖွင့်ဖောက်စစ်ဆေးတဲ့အခါ တရားမဝင်တင်သွင်းလာသည့် ကားမျိုးစုံ နှင့် အခြားပစ္စည်းများကို စစ်ဆေးတွေ့ရှိရကြောင်း သိရှိရပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်မှာရှိတဲ့ အခွန်လွတ်ဈေးမှာ ရောင်းချနေတဲ့ မော်တော် ယာဉ် အပိုပစ္စည်းများရဲ့ (၉၀)ရာခိုင်နှုန်းသည် နယ်စပ်မှတင်သွင်းလာခြင်းမဟုတ်ဘဲ ဆိပ်ကမ်းမှ ခိုးယူ သော ပစ္စည်းများဖြစ်သည်ဆိုပြီးတော့ ခုနကမေးမြန်းတဲ့ ကိုယ်စားလှယ်ကြီးကလည်း ဖော်ပြထားပါ တယ်။ ဒီလိုယေဘူယျ ပြောဆိုရုံမျှဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖမ်းဆီးအရေးယူ၍ မရကြောင်းကိုလည်း ဒါ ပြည်ထဲရေးဝန်ကြီးဌာနက ပြန်ကြားထားပါတယ်။ နစ်နာသူများအနေဖြင့် မိမိတို့၏ပစ္စည်းများ လျော့နည်းပျောက်ဆုံးမှု ရှိမယ်ဆိုလို့ရှိရင်တော့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့နှင့် သက်ဆိုင်ရာ ရဲစခန်းတွေကို သတင်းပေးတိုင်ကြားဖို့ လိုအပ်ပါတယ်။ နစ်နာသူတွေမှ တိုင်ကြားလာလို့ရှိရင်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တည်ဆဲဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်သွား မည် ဖြစ်ပါတယ်။

တာမွေမြို့နယ်မှာရှိတဲ့ အခွန်လွတ်ဈေးများမှာ ခိုးရာပါပစ္စည်းများ ရောင်းဝယ်ခြင်း မပြုနိုင် ရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဈေးတာဝန်ခံများနှင့် ရပ်ကွက် အထောက် အကူပြုအဖွဲ့များ ပူးပေါင်းပြီးတော့ နေ့/ည လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများ ဆောင်ရွက်ခြင်း၊ ကားအပို ပစ္စည်းများ ရောင်းဝယ်တဲ့ ဆိုင်များတွင် ခိုးရာပါပစ္စည်းများ လာရောက်ရောင်းချခြင်းများကို ဖော်ထုတ် ဖမ်းဆီးနိုင်ရန် စောင့်ကြည့်သတင်းရယူခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း သိရှိရပါ တယ်။

မော်တော်ယာဉ်တင်သွင်းသူများက မော်တော်ယာဉ်ပါပစ္စည်းများ ပျက်စီးပျောက်ဆုံးသည်ဟု တင်ပြတောင်းဆိုလာပါကလည်း လုပ်ငန်းစဉ်အလိုက် တာဝန်ရှိမှုအပေါ် မူတည်ပြီးတော့ သက်ဆိုင်ရာ သင်္ဘောလိုင်းရဲ့ ဌာနေကိုယ်စားလှယ်၊ သက်ဆိုင်ရာ ဆိပ်ကမ်းတံတားများမှ တာဝန်ရှိသူတွေကနေ တာဝန်ယူဖြေရှင်းပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

သက်ဆိုင်ရာဆိပ်ကမ်းများ၊ သင်္ဘောလိုင်းများအနေဖြင့် မော်တော်ယာဉ်ပါပစ္စည်းများ ပျက်စီး၊ ပျောက်ဆုံးမှုနှင့် ပတ်သက်ပြီးတော့ တာဝန်ရှိမှုအလိုက် တာဝန်ယူ ဖြေရှင်းပေးနေသကဲ့သို့ ထုတ်ယူ သည့် Agent များဘက်ကလည်း မော်တော်ယာဉ်ကို ထုတ်ယူတဲ့နေရာမှာ Inspection Sheet နှင့် တိုက်ဆိုင်စစ်ဆေးပြီးတော့မှ ထုတ်ယူရန်လိုအပ်ပြီးတော့ ၎င်းတို့တာဝန်ယူထုတ်ယူပြီးတဲ့ မော်တော် ယာဉ်ကိုလည်း ပိုင်ရှင်လက်ဝယ်သို့ ပေးအပ်သည့်အချိန်အထိ ထိခိုက်ပျက်စီးမှု မရှိစေရေးနှင့်

မော်တော်ယာဥ်ပါ ပစ္စည်းများ လျော့နည်းပျောက်ဆုံးမှု မဖြစ်စေရေးအတွက် အထူးဂရုပြု ဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ပါတယ်။ Agent များအနေဖြင့် လုပ်ငန်းလက်ခံဆောင်ရွက်တဲ့နေရာမှာလည်း သူတို့ဆောင်ရွက်နိုင်တဲ့ ပမာဏထက် ကျော်လွန်ပြီးတော့ လက်ခံဆောင်ရွက်ခဲ့ခြင်းကြောင့် ဆိပ်ကမ်းမှ လွှဲပြောင်းလက်ခံပြီးနောက် ပိုင်ရှင်ထံ မအပ်နှံမီကာလအတွင်းမှာ မော်တော်ယာဥ်များအား ပေါ့လျော့စွာ ရပ်နားထားခြင်း၊ ဆိပ်ကမ်းပြင်ပတွင် မေ့လျော့ကျန်ခဲ့သည့် ဖြစ်စဥ်များရှိကြောင်းကိုလည်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် မော်တော်ယာဥ်တင်သင်္ဘောများ ဆိုက်ကပ်တဲ့ ပုဂ္ဂလိကဆိပ်ကမ်းတံတားများအား တင်သွင်းလာတဲ့ မော်တော်ယာဥ်များ ထိခိုက်ပျက်စီးမှု မရှိစေရေး၊ မော်တော်ယာဥ်ပါပစ္စည်းများ လျော့နည်းပျောက်ဆုံးမှု မဖြစ်ပေါ်စေရေးအတွက် လိုအပ်တဲ့ ညွှန်ကြားချက်တွေကို ထုတ်ပြန်ပြီးတော့ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ မော်တော်ယာဥ် တင်သွင်းသူများက မော်တော်ယာဥ်ပါပစ္စည်းများ ပျက်စီး၊ ပျောက်ဆုံးသည်ဟု တင်ပြတောင်းဆို လာပါကလည်း သင်္ဘောလိုင်းများ၊ ဆိပ်ကမ်းတံတားများမှ တာဝန်ယူဖြေရှင်းပေးလျက် ရှိပါတယ်။ မော်တော်ယာဥ် တင်သွင်းသူများအနေဖြင့် ကုန်တင်ဆိပ်ကမ်းမှာ မော်တော်ယာဥ်များ တင်ဆောင်စဥ်ကပင် မော်တော်ယာဥ်ရဲ့ အခြေအနေ၊ ပါရှိသော ပစ္စည်းများစာရင်းအား စနစ်တကျ ပြုစုပြီးတော့ သင်္ဘောမှ တာဝန်ရှိသူများကို စနစ်တကျ အပ်နှံပြီး သင်္ဘောမှ လက်ခံရရှိကြောင်း အထောက်အထား ရယူရန်လိုအပ်ပြီးတော့ မော်တော်ယာဥ် ထုတ်ယူချိန်မှာ ပစ္စည်းလျော့နည်းနေပါက ဒီအထောက်အထားများဖြင့် တင်ပြတောင်းခံနိုင်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု အစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၆။**

**ဦးဝင်းနိုင်ရှိန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ် တင်ပြခြင်း အစီရင်ခံစာကို ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ကျွန်တော့်အနေနဲ့ ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏<br>ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်<br>ပြန်လည်စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅-၄၀၇<br>ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင် လ ၉ ရက်

၁။ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုပေးပို့သည့် ပြည်ထောင်စု အစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ၃-၇-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ သဘောထားမှတ်ချက် အစီရင်ခံစာ ဖတ်ကြားတင်သွင်းခဲ့ပါသည်။ ၆-၇-၂၀၁၅ ရက်နေ့တွင် အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီး သိန်းလွင် နှင့် ဗိုလ်မှူး ဝင်းသိန်း တို့က အကြံပြုဆွေးနွေးခဲ့ပါသည်။ အဆိုပါ ဆွေးနွေးချက်များအပေါ် လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ကြားနာရန် ဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၎င်းတပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်(၂)ဦးအား နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၉-၇-၂၀၁၅ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မူလဥပဒေကြမ်းပုဒ်မ ၇၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဃ)ပါ ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်း ဆိုသည့် စကားရပ်ကို ပြင်ဆင်ရန်မသင့်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြား ဥပဒေများပါ ပြဋ္ဌာန်းချက်များအား ကိုးကား၍ ဆွေးနွေးသွားခဲ့ပါသည်။ ဥပဒေကြမ်း ကော်မတီ နှင့် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်တို့၏ လေ့လာစိစစ် သုံးသပ်ချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၄ ပါ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် နေ့မှစ၍ မိမိတို့ ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရဟုလည်းကောင်း၊ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ(ဋ)ပါ ပြည်ထောင်စု ဝန်ကြီးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီ အဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟု လည်းကောင်း၊ ပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(စ)ပါ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူသည် လွှတ်တော် တစ်ရပ်ရပ်၏ ကိုယ်စားလှယ် သော်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းသော် လည်းကောင်း၊ တပ်မတော်သားသော်လည်းကောင်း၊ နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ ဝင်သော်လည်းကောင်း ဖြစ်ပါက ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ(ဈ)(ည)နှင့် (ဋ)ပါ ပြဋ္ဌာန်းချက် များနှင့် သက်ဆိုင်စေရမည်ဟုလည်းကောင်း၊ ပြဋ္ဌာန်းထားကြောင်းတွေ့ရှိရပါသည်။

( ခ ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(က) တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက် တင်မြှောက်ပိုင်ခွင့်နှင့် ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားချက်ရှိနေပါသည်။

( ဂ ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၉၊ ပုဒ်မခွဲ(က)တွင် နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့ လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက် တင်မြှောက် ခံပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းပါရှိပါသည်။

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၆၊ ပုဒ်မခွဲ(က)နှင့်(ခ)တွင်လည်း နိုင်ငံရေးပါတီ တစ်ရပ် သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ လွတ်လပ်စွာစည်းရုံးခွင့်နှင့် ရွေးကောက်ပွဲ များတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားရာ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတသည် ပါတီဝင်တစ်ဦး ဖြစ်နေပါက ဤပြဋ္ဌာန်းချက်နှင့် အကျုံးဝင်နေ ကြောင်း တွေ့ရှိရပါသည်။

( င ) သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အထက်ပါ ပုဒ်မများအရ ရွေးကောက်ပွဲ ဝင်ရောက်မည့် ပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်း သို့မဟုတ် တသီးပုဂ္ဂလ ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းအတွက် နိုင်ငံသားများနှင့် နိုင်ငံရေး

ပါတီများ၏ မူလအခွင့်အရေးများကို အပြည့်အဝရရှိစေနိုင်သည့် ပြဋ္ဌာန်းချက်များ ပါရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသော ပုဒ်မများ၊ ပြဋ္ဌာန်းချက်များ၏ သဘောအဓိပ္ပာယ်ကို ကောက်ယူရာတွင် တရားရုံးများ လိုက်နာလေ့ရှိသော ထုံးတမ်းစဥ်လာနှင့် ဥပဒေသအချို့တို့ကို တရားလွှတ်တော်ချုပ် စီရင်ထုံးတွင် အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) အခြေခံဥပဒေ၏ အဓိပ္ပာယ်သဘောကို ကောက်ယူရာတွင် ကျဥ်းမြောင်းအောင် ကြပ်ကြပ်တည်းတည်းမကောက်ယူဘဲ ကျယ်ပြန့်အောင် ရက်ရက်ရောရောကောက်ယူရမည်။

(ခ) အခြေခံဥပဒေများသည် ခေတ်ကာလအားလျော်စွာ ပေါ်ပေါက်လာသော အဖြစ်အပျက် အကြောင်းအချင်းရာများကို လွှမ်းခြုံငုံမိအောင် ကြီးပွားကျယ်ပြန့်လာရမည့် ဥပဒေများဖြစ်ကြသည်ဟု အသိအမှတ်ပြု၍ အဓိပ္ပာယ်သဘောကို ကောက်ယူရမည်။

(ဂ) အခြေခံဥပဒေများတွင် ပေး၍ထားသော တန်ခိုးအာဏာများကို ကျယ်ပြန့်နိုင်သမျှ ကျယ်ပြန့်စေရန် အဓိပ္ပာယ်သဘောကောက်ယူရမည်။

(ဃ) သက်ဆိုင်ရာနိုင်ငံ၏ပြည်သူလူထုမှာ အကျိုးအများဆုံးဖြစ်ထွန်းနိုင်စေမည့် သဘောအဓိပ္ပာယ်ကို ကောက်ယူရမည်။

၄။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မတိုင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်ဟု ပြဋ္ဌာန်းထားရှိပါသည်။ ဤပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ကြသူများအနေဖြင့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ရွေးကောက်တင်မြှောက်ခြင်း နိုင်ငံရေးပါတီများနှင့် စပ်လျဥ်း၍ စည်းရုံးလှုပ်ရှား ပါဝင်ခွင့်အပေါ် စေတနာထားရှိခဲ့မှုကို ပေါ်လွင်ပါသည်။ သို့ဖြစ်၍ အထက်တွင် ဖော်ပြထားသော ဖွဲ့စည်းပုံအခြေခံ ဥပဒေက ပြဋ္ဌာန်းထားသော ခွင့်ပြုချက်များကို အရှိအတိုင်း သုံးသပ်လျှင် အထွေထွေရွေးကောက်ပွဲ တစ်ရပ်တွင် ရွေးချယ်ခံသည့် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနှင့် ဒုတိယဝန်ကြီးများသည်လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်တို့သည်လည်းကောင်း နောက်ကျင်းပမည့် ရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက အခြားနိုင်ငံသားများနည်းတူ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေဘဲ သတ်မှတ်ခွင့်ပြုရက်များအတွင်း ဥပဒေနှင့်အညီ စည်းရုံးခွင့်ရရှိစေရန် ရည်ရွယ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

၅။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ(၈)ရက်နေ့က ပြည်ထောင်စုမြန်မာနိုင်ငံတော် ရွေးကောက်ပွဲကော်မရှင် က ကြေညာချက်အမှတ် (၃၁/၂၀၁၅)ကို ထုတ်ပြန်ခဲ့ရာ အပိုဒ် ၁ နှင့် ၂ တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(ခ)ပါ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲ ဆိုင်ရာ ပါတီစည်းရုံးရေး လုပ်ငန်းများကို လည်းကောင်း၊ နယ်မြေစည်းရုံးရေး လုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိပါသည်ဟု ပါရှိပါသည်။

၆။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၉ တွင် ပြည်ထောင်စုရွေးကောက်ပွဲဆိုင်ရာ ကော်မရှင်၏ တာဝန်များကိုလည်းကောင်း၊ ပုဒ်မ ၄၀၂ တွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များကိုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၄၀၂၊ ပုဒ်မခွဲ(က)၊(ခ)၊(ဂ)ပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကော်မရှင်၏ ဆုံးဖြတ်ချက်များသည် အပြီးအပြတ်အတည်ဖြစ်စေရမည် ဟုလည်း ပြဋ္ဌာန်းထားရှိပါသည်။

၇။ သို့ဖြစ်ရာ ယခုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ် (၃၁/၂၀၁၅) အရ အပိုဒ် ၁ နှင့် ၂ တို့တွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည့် ပုဂ္ဂိုလ်သည် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေ စည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်ဖြစ်ပြီး၊ အပိုဒ် ၃ အရ ရွေးကောက်ပွဲ ဆိုင်ရာ စည်းဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်လောင်းများ အတည်ပြုပြီးသည့်နောက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထပ်မံထုတ်ပြန်ပေးမည်ဖြစ်ရာ အဆိုပါ ကြေညာချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ခွင့်ရှိမည် ဖြစ်ပါသည်။

၈။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၄၊ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ(ဋ)၊ ပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(ခ)တို့အရ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများသည် နိုင်ငံရေးပါတီဝင်ဖြစ်နေပါက ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမရှိရဟုသာ ကန့်သတ်ချက်ပါရှိပြီး ပါတီမှ နုတ်ထွက်ရန် ပြဋ္ဌာန်းချက်မရှိ၍ ပါတီဝင်အဖြစ်ဆက်လက်တည်ရှိနေနိုင်ပြီး ပါတီကိုယ်စားပြု ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်၊ ထိုသို့ ရွေးကောက်တင်မြှောက်ခံနိုင်ရန်အလို့ငှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်နှင့်အညီ စည်းရုံးခွင့်၊ စုဝေးဟောပြောခွင့်ကို အခြားလွှတ်တော်ကိုယ်စားလှယ်လောင်းများနည်းတူ ရရှိရမည်သာဖြစ်ပါကြောင်း သုံးသပ်ရရှိပါသည်။

၉။ သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဃ)တို့တွင် ပါဝင်သော ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းဆိုသည့်စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်း ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန် မသင့်ပါကြောင်း သုံးသပ်ရရှိပါသည်။

၁၀။ မူရင်းဥပဒေပုဒ်မ ၅၅ ၏နောက်တွင် ပုဒ်မ ၅၅-က အဖြစ် အသစ်ဖြည့်စွက် ပြဋ္ဌာန်းရန် တင်ပြထားသည့် လွှတ်တော်သက်တမ်းတစ်ရပ်ရပ်အတွက် ပါတီစုံအထွေထွေရွေးကောက်ပွဲများ ရှိသည့်နှစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့သည် လာမည့်ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်း ဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းတို့ကိုရေးဆွဲပြီး အသစ်ဖွဲ့စည်းသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောထားရယူ၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရမည်ဟူသော အဆိုပြုချက်တွင်ပါရှိသည့် အသစ်ဖွဲ့စည်းသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောထားရယူ၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရမည် ဆိုသည့်စကားရပ်များသည် အစိုးရအသစ်မဖွဲ့စည်းရသေးသည့် အချိန်ဖြစ်၍ လက်တွေ့ကျင့်သုံးရန်မဖြစ်နိုင်သည် အခြေအနေဖြစ်ပါသည်။ သို့ပါ၍ အဆိုပါစကားရပ်များအစား လွှတ်တော်သက်တမ်း တစ်ရပ်ရပ်အတွက် ပါတီစုံအထွေထွေရွေးကောက်ပွဲများရှိသည့်နှစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့သည် လာမည့် ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်း ဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း

နှင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းတို့ကို ရေးဆွဲပြီး အသစ်ဖွဲ့စည်းမည့် ပြည်ထောင်စု အစိုးရအဖွဲ့က အတည်ပြု၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ရန် အချိန်မီလွှဲပြောင်းပေးရမည် ဟု အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၁။ (က) မူရင်းဥပဒေ ပုဒ်မ ၁၀၂ ၏နောက်တွင် ပုဒ်မ ၁၀၂-ကကို အသစ်ဖြည့်စွက် ပြဋ္ဌာန်းရန် တင်ပြရခြင်းမှာ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအဖြစ် ရွေးချယ် တင်မြှောက်ခံရသူများအတွက် ပြည်ထောင်စုလွှတ်တော်၌ ကတိသစ္စာမပြုရသေးမီ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်လောင်းများ၏ အမည်စာရင်းကို ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းခြင်းကဲ့သို့သော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများပါ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူက ဆောင်ရွက် ရန်ရှိသော လုပ်ငန်းများကို အဆင်ပြေစွာ လုပ်ဆောင်နိုင်ရန် ထိုက်သင့်သော ရုံးခန်း၊ ဝန်ထမ်းနှင့် ရုံးအသုံး အဆောက်ကိရိယာများ၊ လုံခြုံရေးအစီအစဉ်နှင့် နေထိုင်နိုင် ရေးတို့ကို စီစဉ်ပေးနိုင်ရေးအတွက် ဖြည့်စွက်ရန် တင်ပြခြင်းဖြစ်ကြောင်း၊ သမ္မတ၊ ဒုတိယသမ္မတများ၏ အဆောင်အယောင်များကို ပေးအပ်ရန်နှင့် ရယူသုံးစွဲရန် မဟုတ်ဘဲ သင့်တင့်သော အဆင့်အတန်းဖြင့် စီစဉ်ပေးရန်သာဖြစ်ကြောင်း တွေ့ရှိရ ပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့အနေနှင့် ဆောင်ရွက်သင့်သော အစီအစဉ်ဖြစ် ပါ၍ ပုဒ်မ ၁၀၂-က ကို ဥပဒေကြမ်းကော်မတီက အသစ်ဖြည့်စွက်ရန် တင်ပြထားသည့် သဘောထားမှတ်ချက်အတိုင်း ဖြည့်စွက် အတည်ပြုသင့်ပါကြောင်း သုံးသပ်ရရှိပါ သည်။

(ခ) ပုဒ်မ၁၀၂-ခအဖြစ် အသစ်ဖြည့်စွက်ပြဋ္ဌာန်းရန် အဆိုပြုချက်မှာလည်း ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ရရှိပြီးသော ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနှင့် ဥပဒေအရ ခန့်အပ်တာဝန်ပေးသည့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအတွက်လည်း အထက်အပိုဒ်ပါအတိုင်း ကတိသစ္စာမပြုရသေးမီ ကာလအတွင်း အဆင်ပြေစွာ လုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် သင့်တင့်သော အစီအစဉ်များ စီစဉ်ပေးရန်သာ တင်ပြခြင်းဖြစ်ကြောင်းတွေ့ရှိပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် စီစဉ်ပေးရန် တာဝန်ရှိသည်ဟု သုံးသပ်ရရှိပါသဖြင့် ဥပဒေကြမ်းကော်မတီ၏ မူလတင်ပြချက် အတိုင်း အတည်ပြုသင့်ပါကြောင်း သုံးသပ်ရရှိပါသည်။

(ဂ) ပုဒ်မ ၁၀၂-ဂ၊ ပုဒ်မခွဲ(က)(ခ)(ဂ) အသစ်ဖြည့်စွက်ရန် အဆိုပြုတင်ပြချက်ကိုမူ ဆွေးနွေး တင်ပြသော တပ်မတော်သားကိုယ်စားလှယ်များက သဘောတူလက်ခံသည့်အတွက် ဥပဒေကြမ်းကော်မတီ၏ မူလသဘောထားမှတ်ချက်အတိုင်း အတည်ပြုသင့်ပါ ကြောင်း သုံးသပ်ရရှိပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၁၂။ (က) သို့ဖြစ်ပါ၍ အထက်အပိုဒ် ၂ မှ ၉ အထိ သုံးသပ်ရရှိချက်များအရ ပြည်ထောင်စု အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဃ)တွင် ပါဝင်သော ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းဆိုသည့်စကားရပ်ကို ရွေးကောက်ပွဲ

ဆိုင်ရာ စည်းရုံးရေးလုပ်ငန်း ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန် မသင့်ပါကြောင်းနှင့် မူလအတိုင်းသာ ထားရှိသင့်ပါကြောင်း တင်ပြအပ်ပါသည်။

(ခ) ပုဒ်မ ၅၅-က အဖြစ် အသစ်ဖြည့်စွက်မည့် အဆိုပြုပြဋ္ဌာန်းချက်ပုဒ်မ ၁၀၂-က၊ ၁၀၂-ခ၊ ၁၀၂-ဂနှင့်စပ်လျဉ်း၍ အသစ်ဖြည့်စွက်သည့် အဆိုပြုပြဋ္ဌာန်းချက်များကိုမူ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်နှင့် အတည်ပြုချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုရှေ့နေချုပ်က တင်ပြစရာရှိပါသလား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်-

ကန့်လန့်ဖြတ်ဇယားကြည့်ပါ။ ကန့်လန့်ဖြတ်ဇယားအမှတ်စဉ်(၃)၊ အပိုဒ်(၁)၊ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ(၂)၊ အမှတ်စဉ်(၆)၊ အပိုဒ်(၄)တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြု ချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

မဲခွဲပေးမယ်။ ကောင်းပါပြီ။ သဘောမတူတဲ့သူ ရှိတဲ့အတွက် ဒီ အပိုဒ်(၁)နဲ့ အပိုဒ်(၄)ကို စက်ခလုတ်အသုံးပြုပြီးတော့ လွှတ်တော်ရဲ့ ဆန္ဒရယူမှာဖြစ်ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုပြုချက်အပေါ် ထောက်ခံ (၁၀၅)၊ ကန့်ကွက်(၅၇)၊ ကြားနေ(၁)မဲဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ကန့်လန့်ဖြတ်ဇယားအမှတ်စဉ်(၄)၊ အပိုဒ်(၂)ကို ဥပဒေကြမ်းကော်မတီက မူလအတိုင်းသာ ထားရှိရန် အဆိုပြု တင်ပြထားပါတယ်။ ပြင်ဆင်ခြင်းမပြုဘဲ မူလအတိုင်းထားရှိရန် ဖြစ်ပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်-

ဥပဒေကြမ်း၏ အခန်း(၁)ဟု ရေးထားတဲ့ ခေါင်းစဉ်ကို ပယ်ဖျက်ရန် ပြည်သူ့ လွှတ်တော်က တင်ပြထားသည်ကို ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၃

၃။ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၅ ၏ နောက်တွင် ပုဒ်မ ၅၅-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၅၅-က။ လွှတ်တော်သက်တမ်း တစ်ရပ်ရပ်အတွက် ပါတီစုံ အထွေထွေရွေးကောက်ပွဲများ ရှိသည့်နှစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့သည် လာမည့်ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်း ဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းတို့ကို ရေးဆွဲပြီး အသစ်ဖွဲ့စည်းမည့် ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြု၍ ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းနိုင်ရန် အချိန်မီလွှဲပြောင်းပေးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

ကောင်းပါပြီ။ သဘောမတူတဲ့သူ ရှိတဲ့အတွက် စက်ခလုတ်အသုံးပြုပြီးတော့ လျှို့ဝှက်ဆန္ဒမဲ ပေးတဲ့စနစ်နဲ့ လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုပေါ်ထောက်ခံ (၁၀၇)၊ ကန့်ကွက်(၅၄)၊ ကြားနေ(၁)မဲဖြစ်ပါတယ်။ ထောက်ခံမဲများ တဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တဲ့အတိုင်း အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ် အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု ရှေ့နေချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်ထောင်စု ရှေ့နေချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၈။**

**ဦးတင်ယု(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသား

လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးတင်ယု ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်း အစီရင်ခံစာအား အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ၃-၇-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ သဘောထားမှတ်ချက် အစီရင်ခံစာဖတ်ကြားတင်သွင်းခဲ့ပါသည်။ ၆-၇-၂၀၁၅ ရက်နေ့တွင် အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်နိုင်ဌေးက အကြံပြုဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်နှင့် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၉-၇-၂၀၁၅ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၇၊ ပုဒ်မခွဲ(ဇ)ပါ ပြည်ထောင်စုရှေ့နေချုပ်သည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟု ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါသည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(က) တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ပိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားချက်ရှိနေပါသည်။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၉၊ ပုဒ်မခွဲ(က)တွင် နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်သို့မဟုတ် ပြည်နယ် လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံ ပိုင်ခွင့်ရှိသည် ဟု ပြဋ္ဌာန်းပါရှိပါသည်။

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၆၊ ပုဒ်မခွဲ(က)နှင့် (ခ) တွင်လည်း နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ လွတ်လပ်စွာ စည်းရုံးခွင့်နှင့် ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားရာ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်သည် ပါတီဝင်တစ်ဦးဖြစ်နေပါက ဤပြဋ္ဌာန်းချက်နှင့် အကျုံးဝင်နေကြောင်း တွေ့ရှိရပါသည်။

(င) သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အထက်ပါ ပုဒ်မများအရ ရွေးကောက်ပွဲဝင်ရောက်မည့် ပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်း သို့မဟုတ် တသီးပုဂ္ဂလဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းအတွက် နိုင်ငံသားများနှင့် နိုင်ငံရေး

ပါတီများ၏ မူလအခွင့်အရေးများကို အပြည့်အဝရရှိစေနိုင်သည့် ပြဋ္ဌာန်းချက်များပါရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော ပုဒ်မများ၊ ပြဋ္ဌာန်းချက်များ၏ သဘောအဓိပ္ပာယ်ကို ကောက်ယူရာတွင် တရားရုံးများ လိုက်နာလေ့ရှိသော ထုံးတမ်းစဉ်လာနှင့် ဥပဒေသအချို့တို့ကို တရားလွှတ်တော်ချုပ် စီရင်ထုံးတွင် အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) အခြေခံဥပဒေ၏ အဓိပ္ပာယ်သဘောကို ကောက်ယူရာတွင် ကျဉ်းမြောင်းအောင် ကြပ်ကြပ်တည်းတည်းမကောက်ယူဘဲ ကျယ်ပြန့်အောင် ရက်ရက်ရောရော ကောက်ယူရမည်။

(ခ) အခြေခံဥပဒေများသည် ခေတ်ကာလအားလျော်စွာ ပေါ်ပေါက်လာသော အဖြစ်အပျက် အကြောင်းအချင်းရာများကို လွှမ်းခြုံငုံမိအောင် ကြီးပွားကျယ်ပြန့်လာရမည့် ဥပဒေများ ဖြစ်ကြသည်ဟု အသိအမှတ်ပြု၍ အဓိပ္ပာယ်သဘောကို ကောက်ယူရမည်။

(ဂ) အခြေခံဥပဒေများတွင် ပေး၍ထားသော တန်ခိုးအာဏာများကို ကျယ်ပြန့်နိုင်သမျှ ကျယ်ပြန့်စေရန် အဓိပ္ပာယ်သဘောကောက်ယူရမည်။

(ဃ) သက်ဆိုင်ရာနိုင်ငံ၏ပြည်သူလူထုမှာ အကျိုးအများဆုံးဖြစ်ထွန်းနိုင်စေမည့် သဘောအဓိပ္ပာယ်ကို ကောက်ယူရမည်။

၄။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မတိုင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်ရသည့် လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည် ဟု ပြဋ္ဌာန်းထားရှိပါသည်။ ဤပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ကြသူများအနေဖြင့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ရွေးကောက်တင်မြှောက်ခြင်းနှင့် နိုင်ငံရေးပါတီများနှင့် စပ်လျဉ်း၍ စည်းရုံးလှုပ်ရှား ပါဝင်ခွင့်အပေါ် စေတနာထားရှိခဲ့မှုကို ပေါ်လွင်ပါသည်။ သို့ဖြစ်၍ အထက်ပါ ဖော်ပြထားသော ဖွဲ့စည်းပုံအခြေခံ ဥပဒေက ပြဋ္ဌာန်းထားသော ခွင့်ပြုချက်များကို အရှိအတိုင်းသုံးသပ်လျှင် အထွေထွေရွေးကောက်ပွဲတစ်ရပ်တွင် ရွေးချယ်ခံသည့် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနှင့် ဒုတိယဝန်ကြီးများသည် လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်တို့သည် လည်းကောင်း နောက်ကျင်းပမည့် ရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံ မည့်သူဖြစ်ပါက အခြားနိုင်ငံသားများနည်းတူ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ကို မဆုံးရှုံးစေဘဲ သတ်မှတ်ခွင့်ပြုရက်များအတွင်း ဥပဒေနှင့်အညီ စည်းရုံးခွင့်ရရှိစေရန် ရည်ရွယ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

၅။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ(၈)ရက်နေ့က ပြည်ထောင်စုမြန်မာနိုင်ငံတော် ရွေးကောက်ပွဲကော်မရှင် က ကြေညာချက်အမှတ် (၃၁/၂၀၁၅)ကို ထုတ်ပြန်ခဲ့ရာ အပိုဒ် ၁နှင့် ၂ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(ခ)ပါ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၀ နှင့် ၁၂၂ တို့ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိပါသည်ဟု ပါရှိပါသည်။

၆။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၉ တွင် ပြည်ထောင်စုရွေးကောက်ပွဲဆိုင်ရာ ကော်မရှင်၏ တာဝန်များကို လည်းကောင်း၊ ပုဒ်မ ၄၀၂ တွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များကိုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၄၀၂၊ ပုဒ်မခွဲ(က)၊(ခ)၊(ဂ)ပါ ကိစ္စရပ်များနှင့် စပ်လျဥ်း၍ ကော်မရှင်၏ ဆုံးဖြတ်ချက်များသည် အပြီးအပြတ်အတည်ဖြစ်စေရမည်ဟုလည်း ပြဋ္ဌာန်းထားရှိပါသည်။

၇။ သို့ဖြစ်ရာ ယခုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ် (၃၁/၂၀၁၅) အရ အပိုဒ် ၁ နှင့် ၂ တို့တွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည့် ပုဂ္ဂိုလ်သည် ရွေးကောက်ပွဲဆိုင်ရာပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်ဖြစ်ပြီး၊ အပိုဒ် ၃ အရ ရွေးကောက်ပွဲဆိုင်ရာ စည်းဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ကိုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အတည်ပြုပြီးသည့်နောက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထပ်မံထုတ်ပြန်ပေးမည်ဖြစ်ရာ အဆိုပါ ကြေညာချက်နှင့်အညီ ဆက်လက် ဆောင်ရွက်ခွင့်ရှိမည် ဖြစ်ပါသည်။

၈။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၇၊ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုရွှေ့နေချုပ်နှင့် ဒုတိယရွှေ့နေချုပ်တို့သည် နိုင်ငံရေးပါတီဝင်ဖြစ်နေပါက ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခြင်းမရှိရဟုသာ ကန့်သတ်ချက်ပါရှိပြီး ပါတီမှ နုတ်ထွက်ရန် ပြဋ္ဌာန်းချက်မရှိ၍ ပါတီဝင်အဖြစ်ဆက်လက်တည်ရှိနေနိုင်ပြီး ပါတီကိုယ်စားပြု၍ ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်၊ သို့မဟုတ် ထိုသို့ ရွေးကောက်တင်မြှောက်ခံနိုင်ရန်အလို့ငှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်နှင့်အညီ စည်းရုံးခွင့်၊ စုဝေးဟောပြောခွင့်ကို အခြားလွှတ်တော်ကိုယ်စားလှယ်လောင်းများနည်းတူ ရရှိမည်သာဖြစ်ပါကြောင်း သုံးသပ်ရရှိပါသည်။

၉။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွှေ့နေချုပ်ဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)တွင် ပါဝင်သော ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်း ဆိုသည့်စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်း ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန် မသင့်ပါကြောင်း သုံးသပ်ရရှိပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၁၀။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွှေ့နေချုပ်ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)တွင် ပါဝင်သော ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်း ဆိုသည့်စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်း ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန် မသင့်ပါကြောင်းနှင့် ပြည်ထောင်စု ရွှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ မူလဥပဒေအတိုင်းသာ ဆက်လက်ထားရှိရန် လွှတ်တော်က အဆုံးအဖြတ်ပြုသင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုရှေ့နေချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁:၄၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုရှေ့နေချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်-

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသည့် ဥပဒေကြမ်းကို အတည်မပြုသင့်ဘဲ မူလဥပဒေ အတိုင်းထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၁:၄၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၄၇။**

**ဦးစိုင်းတင်အောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးစိတ်ရောကိုယ်ပါ ကျန်းမာရွှင်လန်းကြပါစေလို့

ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်၊ ဦးစိုင်းတင်အောင် ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြား တင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ၃-၇-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ သဘောထားမှတ်ချက် အစီရင်ခံစာဖတ်ကြားတင်သွင်းခဲ့ပါသည်။ ၆-၇-၂၀၁၅ ရက်နေ့တွင် အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းသန့်က အကြံပြု ဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်နှင့် နိုင်ငံရေးစီးပွားရေးနှင့်ဥပဒေရေးရာကော်မရှင်မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ၉-၇-၂၀၁၅ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း လေ့လာ တွေ့ရှိရပါသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၂၊ ပုဒ်မခွဲ(ဆ)ပါ ပြည်ထောင်စု စာရင်းစစ်ချုပ် သည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိရာထူး သက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ပါတီလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက် ခြင်းမပြုရဟု ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါသည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(က) တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက် ပိုင်ခွင့်နှင့် ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားချက်ရှိနေပါသည်။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၉၊ ပုဒ်မခွဲ(က)တွင် နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဖြစ်စေ၊ သက်ဆိုင်ရာဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့ လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံ ပိုင်ခွင့်ရှိသည် ဟု ပြဋ္ဌာန်းပါရှိပါသည်။

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၆၊ ပုဒ်မခွဲ(က) နှင့် (ခ) တွင်လည်း နိုင်ငံရေးပါတီ တစ်ရပ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ လွတ်လပ်စွာ စည်းရုံးခွင့်နှင့် ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားရာ ပြည်ထောင်စု

စာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်သည် ပါတီဝင်တစ်ဦးဖြစ်နေပါက ဤပြဋ္ဌာန်းချက်နှင့် အကျုံးဝင်နေကြောင်း တွေ့ရှိရပါသည်။

(င) သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အထက်ပါ ပုဒ်မများအရ ရွေးကောက်ပွဲဝင်ရောက်မည့် ပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်း သို့မဟုတ် တစ်သီးပုဂ္ဂလဝင်ရောက်ယှဥ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများအတွက် နိုင်ငံသားများနှင့် နိုင်ငံရေးပါတီများ၏ မူလအခွင့်အရေးများကို အပြည့်အဝရရှိစေနိုင်သည့် ပြဋ္ဌာန်းချက်များ ပါရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသော ပုဒ်မများ၊ ပြဋ္ဌာန်းချက်များ၏ သဘောအဓိပ္ပာယ်ကို ကောက်ယူရာတွင် တရားရုံးများ လိုက်နာလေ့ရှိသော ထုံးတမ်းစဥ်လာနှင့် ဥပဒေသ အချို့တို့ကို တရားလွှတ်တော်ချုပ် စီရင်ထုံးတွင် အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) အခြေခံဥပဒေ၏ အဓိပ္ပာယ်သဘောကို ကောက်ယူရာတွင် ကျဥ်းမြောင်းအောင် ကြပ်ကြပ်တည်းတည်းမကောက်ယူဘဲ ကျယ်ပြန့်အောင် ရက်ရက်ရောရောကောက်ယူရမည်။

(ခ) အခြေခံဥပဒေများသည် ခေတ်ကာလအားလျော်စွာ ပေါ်ပေါက်လာသော အဖြစ်အပျက် အကြောင်းအချင်းရာများကို လွှမ်းခြုံငုံမိအောင် ကြီးပွားကျယ်ပြန့်လာရမည့် ဥပဒေများ ဖြစ်ကြသည်ဟု အသိအမှတ်ပြု၍ အဓိပ္ပာယ်သဘောကို ကောက်ယူရမည်။

(ဂ) အခြေခံဥပဒေများတွင် ပေး၍ထားသော တန်ခိုးအာဏာများကို ကျယ်ပြန့် နိုင်သမျှ ကျယ်ပြန့်စေရန် အဓိပ္ပာယ်သဘောကောက်ယူရမည်။

(ဃ) သက်ဆိုင်ရာနိုင်ငံ၏ ပြည်သူလူထုမှာ အကျိုးအများဆုံးဖြစ်ထွန်းနိုင်စေမည့် သဘောအဓိပ္ပာယ်ကို ကောက်ယူရမည်။

၄။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မတိုင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်ဟု ပြဋ္ဌာန်းထားရှိပါသည်။ ဤပြဋ္ဌာန်းချက် သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ကြသူများအနေဖြင့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ရွေးကောက်တင်မြှောက်ခြင်း နိုင်ငံရေးပါတီများနှင့် စပ်လျဥ်း၍ စည်းရုံးလှုပ်ရှား ပါဝင်ခွင့်အပေါ် စေတနာထားရှိခဲ့မှုကို ပေါ်လွင်ပါသည်။ သို့ဖြစ်၍ အထက်တွင် ဖော်ပြထားသော ဖွဲ့စည်းပုံအခြေခံ ဥပဒေက ပြဋ္ဌာန်းထားသော ခွင့်ပြုချက်များကို အရှိအတိုင်းသုံးသပ်လျှင် အထွေထွေရွေးကောက်ပွဲတစ်ရပ်တွင် ရွေးချယ်ခံသည့် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနှင့် ဒုတိယဝန်ကြီးများသည် လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်တို့သည်လည်းကောင်း နောက်ကျင်းပမည့် ရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက အခြားနိုင်ငံသားများနည်းတူ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေဘဲ သတ်မှတ်ခွင့်ပြုရက်များအတွင်း ဥပဒေနှင့်အညီ စည်းရုံးခွင့်ရရှိစေရန် ရည်ရွယ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

၅။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ(၈)ရက်နေ့က ပြည်ထောင်စုမြန်မာနိုင်ငံတော် ရွေးကောက်ပွဲကော်မရှင် က ကြေညာချက်အမှတ် (၃၁/၂၀၁၅) ကို ထုတ်ပြန်ခဲ့ရာ အပိုဒ် ၁ နှင့် ၂ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(ခ)ပါ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေး လုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်ခွင့်ရှိပါသည်ဟု ပါရှိပါသည်။

၆။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ တွင် ပြည်ထောင်စုရွေးကောက်ပွဲဆိုင်ရာ ကော်မရှင်၏ တာဝန်များကို လည်းကောင်း၊ ပုဒ်မ ၄၀၂ တွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များကိုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၄၀၂၊ ပုဒ်မခွဲ(က)၊(ခ)၊(ဂ)ပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကော်မရှင် ၏ ဆုံးဖြတ်ချက်များသည် အပြီးအပြတ်အတည်ဖြစ်စေရမည် ဟုလည်း ပြဋ္ဌာန်းထားရှိပါသည်။

၇။ သို့ဖြစ်ရာ ယခုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ် (၃၁/၂၀၁၅) အရ အပိုဒ် ၁ နှင့် ၂ တို့တွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည့် ပုဂ္ဂိုလ်သည် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်ဖြစ်ပြီး၊ အပိုဒ် ၃ အရ ရွေးကောက်ပွဲ ဆိုင်ရာ စည်းဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်လောင်းများ အတည်ပြုပြီးသည့်နောက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထပ်မံထုတ်ပြန်ပေးမည်ဖြစ်ရာ အဆိုပါ ကြေညာချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ခွင့်ရှိမည် ဖြစ်ပါသည်။

၈။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၂၊ ပုဒ်မခွဲ(ဆ) အရ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်တို့သည် နိုင်ငံရေးပါတီဝင် ဖြစ်နေပါက ရာထူးသက်တမ်းအတွင်း ယင်းပါတီ အဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမရှိရဟုသာ ကန့်သတ်ချက်ပါရှိပြီး ပါတီမှနုတ်ထွက်ရန် ပြဋ္ဌာန်းချက်မရှိ၍ ပါတီဝင်အဖြစ် ဆက်လက်တည်ရှိနေနိုင်ပြီး ပါတီကိုယ်စားပြု၍ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်၊ ထိုသို့ ရွေးကောက်တင်မြှောက်ခံနိုင်ရန်အလို့ငှာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်နှင့်အညီ စည်းရုံးခွင့်၊ စုဝေးဟောပြောခွင့်ကို အခြား လွှတ်တော် ကိုယ်စားလှယ်လောင်းများနည်းတူ ရရှိမည်သာဖြစ်ပါကြောင်း သုံးသပ်ရရှိပါသည်။

၉။ သို့ဖြစ်ပါ၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)တွင် ပါဝင်သော ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်း ဆိုသည့်စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန်မသင့်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၁၀။ သို့ဖြစ်ပါ၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ခ) တွင်ပါဝင်သော ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်း ဆိုသည့်စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်း ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန် မသင့်ပါကြောင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အတည်ပြုဆောင်ရွက်ခြင်း

မပြုဘဲ မူလဥပဒေအတိုင်းသာ ဆက်လက်ထားရှိရန် လွှတ်တော်က အဆုံးအဖြတ်ပြုသင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်-

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသည့် ဥပဒေကြမ်းကို အတည်မပြုသင့်ဘဲ မူလဥပဒေ အတိုင်းထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို နေ့လယ်စာသုံးဆောင်ဖို့(၁း၀၀)နာရီရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၅၆ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၂း၅၆ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၂း၅၆။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်း အဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃:၀၄။**

**ဥက္ကဋ္ဌ**။ ။ နေ့လယ်ပိုင်း ခွင့်တင်တဲ့ပုဂ္ဂိုလ်(၅)ယောက် ရှိပါတယ်။ ဦးပေါ်လျှံလွင်၊ ချင်း(၉)၊ ကျန်းမာရေး။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ကျန်းမာရေး။ ဦးခင်မောင်ဌေး၊ မန္တလေး(၁၀)၊ လယ်ယာမြေစုံစမ်းရေးကော်မရှင်တာဝန်။ ဗိုလ်မှူးချုပ်အောင်ကျော်၊ တပ်မတော်၊ ဥပဒေကြမ်း ကော်မတီ အစည်းအဝေး။ ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦး၊ တပ်မတော်၊ ဥပဒေကြမ်းကော်မတီပူးပေါင်း အစည်းအဝေး။

ယခုတင်ပြခဲ့တဲ့နေ့လယ်ပိုင်းခွင့်များကို ခွင့်ပြုဖို့လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

လွှတ်တော်ကသဘောတူတဲ့အတွက် နေ့လယ်ပိုင်းခွင့်တင်ပြချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၃:၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃:၀၄။**

**ဦးတင်ယု(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ကျွန်တော်ဦးတင်ယုက အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပြန်လည် စိစစ်တင်ပြခြင်း အစီရင်ခံစာအား အမျိုးသားလွှတ်တော်သို့ ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၅ - ၄၀၄
ရက်စွဲ ၊ ၂၀၁၅ ခုနှစ် ၊ ဇူလိုင်လ ၉ ရက်

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ၃-၇-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ သဘောထားမှတ်ချက် အစီရင်ခံစာဖတ်ကြားတင်သွင်းခဲ့ပါသည်။ ၆-၇-၂၀၁၅ ရက်နေ့တွင် အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမောင်မောင်ငြိမ်းက အကြံပြုဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်နှင့် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၉-၇-၂၀၁၅ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း လေ့လာတွေ့ရှိ ရပါသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၆)ပါ နိုင်ငံရေးပါတီဝင် မဟုတ်သူဟူသော ပြဋ္ဌာန်းထားချက်နှင့် ညီညွတ်စေရန်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုသင့်ပါကြောင်း ဆွေးနွေးညှိနှိုင်း သဘောတူညီခဲ့ကြပါသည်။

(ခ) ၆-၇-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ဆွေးနွေးခဲ့သည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်ကလည်း အထက်ပါပုဒ်မကို ကိုးကား၍ ရာထူးဝန် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပါတီနိုင်ငံရေးကင်းရှင်းသူများဖြစ်ကြ၍ ယခုပြင်ဆင်သည့် ဥပဒေကြမ်းပါ ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ) တွင် ပါရှိသော ပါတီဆိုသည့် စကားရပ်အား ပယ်ဖျက်ခြင်းသည် ဆီလျော်ပါသဖြင့် ထောက်ခံကြောင်း ဆွေးနွေးခဲ့ပါသည်။ အလားတူ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည်လည်းကောင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်လည်းကောင်း သတ်မှတ်သည့် အရည်အချင်းတွင် နိုင်ငံရေးပါတီဝင် မဟုတ်သူဟု ပြဋ္ဌာန်းချက်အရ ပါတီနိုင်ငံရေး ကင်းရှင်းသူများဖြစ် နေကြောင်း တွေ့ရပါသည်။

(ဂ) ၈-၇-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက် အမှတ် (၃၁/၂၀၁၅) အပိုဒ်(၂)တွင် ထို့အတူ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၊ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယ စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တို့သည်လည်း သက်ဆိုင်ရာတည်ဆဲဥပဒေများအရ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်၊ တနင်္ဂနွေနေ့၌ ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(က)အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာသည့် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ(၈)ရက်၊ ဗုဒ္ဓဟူးနေ့မှစ၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၂၀ နှင့် ပုဒ်မ ၁၂၁ တို့ ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေး လုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိပါသည်ဟု တွေ့ရှိရပါသည်။ အဆိုပါ ကြေညာချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၆)၊ ပုဒ်မ ၃၀၁၊ ပုဒ်မခွဲ(စ)၊ ပုဒ်မ ၃၃၃၊ ပုဒ်မခွဲ(င)တို့နှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးခဲ့သည့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်နှင့် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကို ခံယူဆောင်ရွက်သင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်သင့်ပါကြောင်း တင်ပြထားပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နေပြည်တော်ကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၃း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နေပြည်တော်ကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည် ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၉။**

**ဦးစိုင်းတင်အောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ နေပြည်တော်ကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကျွန်တော် ဦးစိုင်းတင်အောင် မှ ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ၃-၇-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ သဘောထားမှတ်ချက် အစီရင်ခံစာ ဖတ်ကြားတင်သွင်းခဲ့ပါသည်။ ၆-၇-၂၀၁၅ ရက်နေ့တွင် အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်သက်မြင့်က အကြံပြု ဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်နှင့် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၉-၇-၂၀၁၅ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅၊ ပုဒ်မခွဲ (ဆ)ပါ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင်တစ်ဦးဦးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင်

နေပြည်တော် ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်း ခံရသည့် နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရဟူသော ပြဋ္ဌာန်းထားချက်နှင့် ညီညွတ်စေရန်အတွက် နေပြည်တော် ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုသင့်ပါကြောင်း ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(က) တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက် ပိုင်ခွင့်နှင့် ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားချက်ရှိနေပါသည်။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၉၊ ပုဒ်မခွဲ(က)တွင် နိုင်ငံသားတိုင်းသည် ဤ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖြစ်စေ၊ သက်ဆိုင်ရာဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံ ပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းပါရှိပါသည်။

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၆၊ ပုဒ်မခွဲ(က)နှင့် (ခ) တွင်လည်း နိုင်ငံရေးပါတီ တစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ လွတ်လပ်စွာ စည်းရုံးခွင့်နှင့် ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင် တစ်ဦးဦးသည် ပါတီဝင်တစ်ဦး ဖြစ်နေပါက ဤပြဋ္ဌာန်းချက်နှင့် အကျုံးဝင်နေကြောင်း တွေ့ရှိရပါသည်။

(င) သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အထက်ပါ ပုဒ်မများအရ ရွေးကောက်ပွဲဝင်ရောက်မည့် ပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်း သို့မဟုတ် တစ်သီးပုဂ္ဂလဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းအတွက် နိုင်ငံသားများနှင့် နိုင်ငံရေးပါတီများ၏ မူလအခွင့်အရေးများကို အပြည့်အဝရရှိစေနိုင်သည့် ပြဋ္ဌာန်းချက်များ ပါရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသော ပုဒ်မများ၊ ပြဋ္ဌာန်းချက်များ၏ သဘောအဓိပ္ပာယ်ကို ကောက်ယူရာတွင် တရားရုံးများ လိုက်နာလေ့ရှိသော ထုံးတမ်းစဉ်လာနှင့် ဥပဒေသ အချို့တို့ကို တရားလွှတ်တော်ချုပ် စီရင်ထုံးတွင် အောက်ပါအတိုင်း လေ့လာတွေ့ရှိရ ပါသည် -

(က) အခြေခံဥပဒေ၏ အဓိပ္ပာယ်သဘောကို ကောက်ယူရာတွင် ကျဉ်းမြောင်းအောင် ကြပ်ကြပ်တည်းတည်းမကောက်ယူဘဲ ကျယ်ပြန့်အောင်ရက်ရက်ရောရော ကောက်ယူရမည်။

(ခ) အခြေခံဥပဒေများသည် ခေတ်ကာလအားလျော်စွာ ပေါ်ပေါက်လာသော အဖြစ်အပျက် အကြောင်းအချင်းရာများကို လွှမ်းခြုံငုံမိအောင် ကြီးပွားကျယ်ပြန့်လာရမည့်

ဥပဒေများ ဖြစ်ကြသည်ဟု အသိအမှတ်ပြု၍ အဓိပ္ပာယ်သဘောကို ကောက်ယူရမည်။

(ဂ) အခြေခံဥပဒေများတွင် ပေး၍ထားသော တန်ခိုးအာဏာများကို ကျယ်ပြန့်နိုင်သမျှ ကျယ်ပြန့်စေရန် အဓိပ္ပာယ်သဘောကောက်ယူရမည်။

(ဃ) သက်ဆိုင်ရာနိုင်ငံ၏ ပြည်သူလူထုမှာ အကျိုးအများဆုံး ဖြစ်ထွန်းနိုင်စေမည့် သဘော အဓိပ္ပာယ်ကို ကောက်ယူရမည်။

၄။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့ မတိုင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်ဟု ပြဋ္ဌာန်းထားရှိပါသည်။ ဤပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲခဲ့ကြသူများအနေဖြင့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ရွေးကောက်တင်မြှောက်ခြင်း နိုင်ငံရေးပါတီများနှင့် စပ်လျဉ်း၍ စည်းရုံးလှုပ်ရှား ပါဝင်ခွင့်အပေါ် စေတနာထားရှိခဲ့မှုကို ပေါ်လွင်ပါသည်။

သို့ဖြစ်၍ အထက်တွင် ဖော်ပြထားသော ဖွဲ့စည်းပုံအခြေခံ ဥပဒေက ပြဋ္ဌာန်းထားသော ခွင့်ပြုချက်များကို အရှိအတိုင်း သုံးသပ်လျှင် အထွေထွေ ရွေးကောက်ပွဲ တစ်ရပ်တွင် ရွေးချယ်ခံသည့် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနှင့် ဒုတိယဝန်ကြီးများသည် လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယ စာရင်းစစ်ချုပ်တို့သည်လည်းကောင်း နောက်ကျင်းပမည့် ရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက အခြားနိုင်ငံသားများနည်းတူ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေဘဲ သတ်မှတ်ခွင့်ပြုရက်များအတွင်း ဥပဒေနှင့်အညီ စည်းရုံးခွင့်ရစေရန် ရည်ရွယ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

၅။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ(၈)ရက်နေ့က ပြည်ထောင်စုမြန်မာနိုင်ငံတော် ရွေးကောက်ပွဲကော်မရှင် က ကြေညာချက်အမှတ် (၃၁/၂၀၁၅)ကို ထုတ်ပြန်ခဲ့ရာ အပိုဒ် ၁နှင့် ၂ တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(ခ)ပါ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေး လုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေး လုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိပါသည်ဟု ပါရှိပါသည်။

၆။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၉ တွင် ပြည်ထောင်စုရွေးကောက်ပွဲဆိုင်ရာ ကော်မရှင်၏ တာဝန်များကိုလည်းကောင်း၊ ပုဒ်မ ၄၀၂ တွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များကို လည်းကောင်း ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၄၀၂၊ ပုဒ်မခွဲ(က)၊(ခ)၊(ဂ)ပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကော်မရှင်၏ ဆုံးဖြတ်ချက်များသည် အပြီးအပြတ်အတည်ဖြစ်စေရမည် ဟုလည်း ပြဋ္ဌာန်းထားရှိပါသည်။

၇။ သို့ဖြစ်ရာ ယခုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ် (၃၁/၂၀၁၅) အရ အပိုဒ် ၁ နှင့် ၂ တို့တွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည့် ပုဂ္ဂိုလ်သည် ရွေးကောက်ပွဲ

ဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်ဖြစ်ပြီး၊ အပိုဒ် ၃ အရ ရွေးကောက်ပွဲဆိုင်ရာ စည်းဝေးဟောပြောခြင်းနှင့် မဲဆွယ် စည်းရုံးခွင့်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်လောင်းများ အတည်ပြုပြီးသည့်နောက်တွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထပ်မံထုတ်ပြန်ပေးမည်ဖြစ်ရာ အဆိုပါကြေညာချက်နှင့်အညီ ဆက်လက် ဆောင်ရွက်ခွင့်ရှိမည် ဖြစ်ပါသည်။

၈။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈၅၊ ပုဒ်မခွဲ (ဆ) အရ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီ အဖွဲ့ဝင်တစ်ဦးဦးတို့သည် နိုင်ငံရေးပါတီဝင်ဖြစ်နေပါက ရာထူးသက်တမ်း အတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမရှိရဟုသာ ကန့်သတ် ချက်ပါရှိပြီး ပါတီမှနုတ်ထွက်ရန် ပြဋ္ဌာန်းချက်မရှိ၍ ပါတီဝင်အဖြစ် ဆက်လက်တည်ရှိနေနိုင်ပြီး ပါတီကိုယ်စားပြု၍ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်၊ ထိုသို့ရွေးကောက်တင်မြှောက်ခံနိုင်ရန်အလို့ငှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်နှင့်အညီ စည်းရုံးခွင့်၊ စုဝေးဟောပြောခွင့်ကို အခြား လွှတ်တော်ကိုယ်စားလှယ်လောင်းများနည်းတူ ရရှိမည်သာဖြစ်ပါကြောင်း သုံးသပ်ရရှိပါသည်။

၉။ သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)တွင်ပါဝင်သော ရွေးကောက်ပွဲ ဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်း ဆိုသည့်စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်း ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန် မသင့်ပါကြောင်း သုံးသပ်ရရှိပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၁၀။ သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)တွင်ပါဝင်သော ရွေးကောက်ပွဲ ဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းဆိုသည့် စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်း ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန် မသင့်ပါကြောင်းနှင့် နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ မူလဥပဒေအတိုင်းသာ ဆက်လက် ထားရှိရန် လွှတ်တော်က အဆုံးအဖြတ်ပြုသင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး နေပြည်တော် ကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၁၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နေပြည်တော်ကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်-

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသည့် ဥပဒေကြမ်းကို အတည် မပြုသင့်ဘဲ မူလဥပဒေ အတိုင်းထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု တရားစီရင်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၃း၁၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၆)ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၈။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်များအားလုံး၊ ယနေ့ အစည်းအဝေးကို ကြွရောက်လာတဲ့ ပြည်ထောင်စုရှေ့နေချုပ်နဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတို့ကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီရဲ့ ကိုယ်စား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စု တရားစီရင်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခဲ့တဲ့အပေါ်မှာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦး ကနေပြီးတော့ အကြံပြုဆွေးနွေးခဲ့ပါတယ်။ အကြံပြုဆွေးနွေးခဲ့တဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အပါအဝင် နိုင်ငံရေး၊ စီးပွားရေးနဲ့ ဥပဒေရေးရာကော်မရှင်မှ ပညာရှင်ကြီးများနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီဟာ ဇူလိုင်လ(၉)ရက်နေ့မှာ ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။

လေ့လာတွေ့ရှိချက်များကို တင်ပြပါ့မယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာမှာ အောက်ပါအတိုင်း တွေ့ရှိရပါတယ်။

(က) အနေနဲ့ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၀၊ ပုဒ်မခွဲ(က)တွင် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်လို့ အတိအကျပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၁ မှာလည်း တရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားသူကြီးချုပ်များရဲ့ အရည်အချင်း သတ်မှတ်ချက်များတွင် ပုဒ်မခွဲ(စ)မှာ နိုင်ငံရေးပါတီဝင်မဟုတ်သူလို့ ပြဋ္ဌာန်းပါရှိပါတယ်။ အမျိုးသားလွှတ်တော်မှာ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ်မှာ ဆွေးနွေးခဲ့တဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်ကြီးကလည်း အထက်ပါပုဒ်မကို ကိုးကားပြီးတော့ တရားသူကြီးချုပ်နဲ့ တရားသူကြီးများဟာ ပါတီနိုင်ငံရေးကင်းရှင်းသူများဖြစ်ကြတဲ့ အတွက်ကြောင့် မို့လို့ ယခုပြင်ဆင်တဲ့ ဥပဒေကြမ်း ပုဒ်မ ၄၇၊ ပုဒ်မခွဲ(ခ)မှာ ပါရှိတဲ့ ပါတီဆိုတဲ့ စကားရပ် ပယ်ဖျက်ခြင်းကို ထောက်ခံကြောင်း ဆွေးနွေးခဲ့ပါတယ်။ အလားတူပါပဲ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များရဲ့ သတ်မှတ်အရည်အချင်းများမှာလည်း နိုင်ငံရေးပါတီဝင် မဟုတ်သူဆိုတဲ့ ပြဋ္ဌာန်းချက်များပါရှိတဲ့ အတွက်ကြောင့်မို့လို့ ပါတီနိုင်ငံရေး ကင်းရှင်းသူများဖြစ်နေကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

၈-၇-၂၀၁၅ ရက်နေ့မှာ ထုတ်ပြန်တဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ကြေညာချက်အမှတ်(၃၁/၂၀၁၅) အပိုဒ်(၂)မှာတော့ ထို့အတူ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံး ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၊ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တို့သည်လည်း သက်ဆိုင်ရာ တည်ဆဲဥပဒေများအရ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်၊ တနင်္ဂနွေနေ့၌ ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(က)အရ ပေးအပ်ထားသော ရွေးကောက် တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ(၈)ရက်၊ ဗုဒ္ဓဟူးနေ့ မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကို လည်းကောင်း၊ နယ်မြေ စည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိပါသည်လို့ ဒီလိုကြေညာထားတာ တွေ့ရှိရပါတယ်။ အဆိုပါ ကြေညာချက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၆)၊ ပုဒ်မ ၃၀၁၊ ပုဒ်မခွဲ(စ)၊ ပုဒ်မ ၃၃၃၊ ပုဒ်မခွဲ(င)တို့နဲ့ ညီညွတ်မှု မရှိကြောင်းကို လေ့လာတွေ့ရှိရပါတယ်။

ကော်မတီရဲ့ သဘောထားမှတ်ချက်ကို တင်ပြပါ့မယ်ခင်ဗျား။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အကြံပြုဆွေးနွေးခဲ့တဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်ကြီး

အပါအဝင် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနဲ့ ညှိနှိုင်း ဆွေးနွေးခဲ့ပြီး ဖြစ်ပါသဖြင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေပုဒ်မ ၂၉၊ ပုဒ်မခွဲ(ခ)ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုနိုင်ရန်အတွက် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူဆောင်ရွက်သင့်ပါကြောင်း လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ် ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၂၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၇)ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြု၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်သင့်ပါကြောင်း တင်ပြထားပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းထားရှိရန်
လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၃း၂၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၈)ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၃။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်း အစီရင်ခံစာကိုလည်း အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ကျွန်တော်ဒေါက်တာ မြတ်ဉာဏစိုးကပဲ ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီ အစီရင်ခံစာကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ ဖတ်ကြားတင်သွင်းခဲ့တဲ့အခါမှာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဗိုလ်မှူးတိုးမင်းထွန်းကနေပြီး အကြံပြုဆွေးနွေးခဲ့ပါတယ်။ အကြံပြုဆွေးနွေးခဲ့တဲ့ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးတိုးမင်းထွန်း နဲ့ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များရယ်၊ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီတွေဟာ ဇူလိုင်လ (၉)ရက်နေ့မှာဘဲ အစည်းအဝေး ကျင်းပခဲ့ပါတယ်။

ထပ်မံပြီးတော့ လေ့လာတွေ့ရှိချက်များကို တင်ပြပါ့မယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၀၊ ပုဒ်မခွဲ(ဂ)မှာ နိုင်ငံရေးပါတီတစ်ခုခု၌ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီ အဖွဲ့အစည်း၏ ပါတီ လုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခြင်းမပြုရလို့ ပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၃၃ မှာလည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံးဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များရဲ့ အရည်အချင်း သတ်မှတ်ချက်များမှာ ပုဒ်မခွဲ(င)မှာ နိုင်ငံရေးပါတီဝင်မဟုတ်သူလို့ အတိအလင်း ပြဋ္ဌာန်းထားပါတယ်။ အမျိုးသားလွှတ်တော်မှာ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်ကြီးက အကြံပြုဆွေးနွေးခဲ့စဉ်တုန်းကလည်း အထက်ပါ ပုဒ်မ ကို ကိုးကားပြီးတော့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များဟာ ပါတီနိုင်ငံရေး ကင်းရှင်းသူများ ဖြစ်ကြ၍ ယခုပြင်ဆင်သည့် ဥပဒေကြမ်း ပုဒ်မ ၁၁ မှာ ပါရှိတဲ့ ပါတီဆိုသည့် စကားရပ်ကို ပယ်ဖျက်ခြင်းကို ထောက်ခံကြောင်း ဆွေးနွေးခဲ့ပါတယ်။ အလားတူပါပဲ ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စု တရားလွှတ်တော် တရားသူကြီးများသည် လည်းကောင်း၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် လည်းကောင်း သူတို့ရဲ့ သတ်မှတ်အရည်အချင်းမှာ နိုင်ငံရေး ပါတီဝင်မဟုတ်သူလို့ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ အတွက်ကြောင့်မို့လို့ ပါတီနိုင်ငံရေးကင်းရှင်းသူများ ဖြစ်နေကြောင်း တွေ့ရှိရပါတယ်။

၈-၇-၂၀၁၅ ရက်နေ့မှာ ထုတ်ပြန်ခဲ့တဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ကြေညာချက် အမှတ်(၃၁/၂၀၁၅) အပိုဒ်(၂)မှာတော့ ထို့အတူ ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၊ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တို့သည်လည်း သက်ဆိုင်ရာ တည်ဆဲဥပဒေများအရ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်၊ တနင်္ဂနွေနေ့၌ ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(က) အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန် အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့် ၂၀၁၅ ခုနှစ်၊

ဇူလိုင်လ(၈)ရက်၊ ဗုဒ္ဓဟူးနေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေး လုပ်ငန်းများကို လည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိပါသည်လို့ ထုတ်ပြန်ကြေညာထားတာကို တွေ့ရှိရပါတယ်။ အဆိုပါ ကြေညာချက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၆)၊ ပုဒ်မ ၃၀၁၊ ပုဒ်မခွဲ(စ)၊ ပုဒ်မ ၃၃၃၊ ပုဒ်မခွဲ(င)တို့နဲ့ ညီညွတ်မှုမရှိကြောင်းကို လေ့လာတွေ့ရှိရပါတယ်။

ကော်မတီ၏သဘောထားမှတ်ချက်ကိုတင်ပြပါ့မယ်။

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အကြံပြုဆွေးနွေးခဲ့တဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးတိုးမင်းထွန်း၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်ကြီးများနှင့် အကျေအလည် ညှိနှိုင်းဆွေးနွေးပြီး ဖြစ်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၁ ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုနိုင်ရေးအတွက် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူဆောင်ရွက်သင့်ပါကြောင်း လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ် ခင်ဗျာ။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၂၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၉)ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှုဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်သင့်ပါကြောင်း တင်ပြထားပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ အရက်/ ဘီယာ/စီးကရက် ကြော်ငြာအားလုံး အထူး ကန့်သတ်လျှော့ချသွား ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၃၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၂၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က အရက်/ဘီယာ/စီးကရက် ကြော်ငြာအားလုံး အထူးကန့်သတ် လျှော့ချသွားရန်နှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးလှဆွေ အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၀။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြည်ထောင်စုဝန်ကြီး များနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကျက်သရေမင်္ဂလာ အဖြာဖြာနဲ့ ပြည့်စုံတော်မူကြ ပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော်တင်ပြလိုတဲ့ အဆိုကတော့ အရက်၊ ဘီယာ၊ စီးကရက် ကြော်ငြာအားလုံး အထူး ကန့်သတ်လျှော့ချသွားရန် နိုင်ငံတော် အစိုးရကို တိုက်တွန်းကြောင်းဟူ၍ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတစ်ဝန်းမှာ အရက်၊ ဘီယာ၊ စီးကရက် ကြော်ငြာများဟာ သဲကြီးမဲကြီးအပြိုင်အဆိုင် ငွေအင်အား အလုံးအရင်းအသုံးပြုပြီး ကြော်ငြာနေကြပြီး တော့ ကြော်ငြာရဲ့ ထိရောက်မှုကြောင့် မြန်မာ့လူငယ် အရွယ်ကောင်းလေးများဟာ အချိန်မတိုင်မီ လူညွှန့်တုံး၊ ဘဝပျက်လျက်ရှိကြသဖြင့် တိုင်းပြည်ရဲ့ အနာဂတ်အတွက် စိုးရိမ်ဖွယ်ရာ ဖြစ်ပါတယ်။ အဲဒီလို အရက်၊ ဘီယာ၊ စီးကရက် ကြော်ငြာများနဲ့ပတ်သက်ပြီးတော့ လွှတ်တော်အသီးသီးမှာ မေးခွန်းများ အမျိုးမျိုးမေးခဲ့သော်လည်း ထိန်းချုပ်ကန့်သတ်မှု ပိုပြီးတော့ အားနည်းလာတာကို လွန်ကဲလာတာ ကိုလည်း တွေ့ရပါတယ်။ ဥပမာအားဖြင့် ဘီယာကြော်ငြာဆိုင်းဘုတ်၊ ဗီနိုင်းများ၊ ဓာတ်တိုင်တစ်ချခြား နီးပါးလောက် တွေ့ရပါတယ်။

အရက်ကြော်ငြာအတွက် စားသောက်ဆိုင်တွေမှာမလုံမခြုံဝတ်ဆင်ထားတဲ့ အမျိုးသမီးငယ် လေးများ အသုံးပြုပြီးတော့ ဆွဲဆောင်ကြော်ငြာပေးနေခြင်းတွေကိုလည်း ကျွန်တော်တွေ့ရပါတယ်။ မြန်မာပြည်ရဲ့ မြို့ကြီးတိုင်းလိုလိုမှာ တွေ့နေရတာဖြစ်ပါတယ်။ ဒီ့အပြင် စီးကရက် အခမဲ့ လိုက်ဝေနေတဲ့ မလုံတလုံဝတ်ထားတဲ့ အမျိုးသမီးငယ်များ အသုံးပြုပြီးတော့ ဆွဲဆောင်ပြီးတော့ ကြော်ငြာနေတာလည်း တွေ့ရပါတယ်။ အချို့ဘီယာ၊ စီးကရက်၊ အရက်ကြော်ငြာများဟာ အရက်၊ ဘီယာ၊ စီးကရက် ကြော်ငြာ လို့မဖော်ပြဘဲနဲ့ သွယ်ဝိုက်ပြီးတော့ သိသာထင်မြင်စေကာ သွယ်ဝိုက်ပြီးတော့ သူက လက်တစ်လုံးခြား

ဥပဒေကိုလှည့်စားပြီးတော့ ကြော်ငြာနေတာကို တွေ့ရပါတယ်။ ဥပမာအားဖြင့် ဘီယာဆိုတဲ့ စာသား မပါဘဲနဲ့ အစိမ်းရောင်နဲ့ အနီရောင်ကို အသုံးပြုပြီးတော့ မြန်မာဆိုရင် မြန်မာပဲပေါ့ဆိုရင် ဒါဟာ ဘီယာ ကြော်ငြာလို့ယူဆရမှာဖြစ်ပါတယ်။ ဒီ့အပြင် အရက်နဲ့ Logo တူပြီးတော့ တံဆိပ်တူတယ်၊ အဲဒါကို သောက်ရေသန့်ကြော်ငြာဆိုပြီးတော့ လက်တစ်လုံးခြားလုပ်ပြီးတော့ အများသုံးတဲ့ ဘတ်စ်ကားကြီးတွေ၊ ကုန်ကားကြီးတွေမှာ နောက်တစ်ခါ ဆိုက္ကားသမားတွေတော်တော်များများကို တီရှပ်တွေ အခမဲ့ ပေးဝေ နေတာတွေဟာ ဒါ ကျွန်တော် Projector ပုံအနည်းငယ်(၄)ပုံလောက်တင်ပြပါရစေခင်ဗျာ။

ဒါ ကျွန်တော် ရန်ကုန်မြို့မှာ ကျွန်တော် ကားပေါ်ကနေရိုက်ထားတာ၊ ရန်ကုန်မြို့မှာ ဘတ်စ်ကားကြီးတွေမှာ အဲဒီအရက်ကြော်ငြာကို အဲဒီလို ဘတ်စ်ကားကြီးတွေ တော်တော်များများမှာ ရန်ကုန်မြို့ထဲမှာ သွားနေတာမှာ ကပ်ထားတာ တစ်စင်းလုံးအပြည့် ကပ်ထားတာတွေ့ရပါတယ်။ သို့သော် သူကတော့ ဒီ အရက်လို့ပဲ မရေးထားဘဲနဲ့ သောက်ရေသန့်လို့ရေးထားတယ်။ သောက်ရေသန့် ပုလင်းကို ရန်ကုန်မြို့မှာ လိုက်ရှာတယ်။ တစ်ပုလင်းမှ မတွေ့ဘူး။ အရက်ပုလင်းတွေပဲတွေ့ရမှာ ဖြစ်ပါတယ်။ ဒါကုန်ကားကြီးတွေကို စင်းလုံးပြည့် ကျွန်တော်တို့ ဒီလိုကပ်ပြီးတော့ ကြော်ငြာနေတာဖြစ်ပါတယ်။ ဒါကတော့ ဆိုက္ကားသမားတွေတော်တော်များများမှာ တီရှပ်တွေကို အခမဲ့ပေးဝေပြီးတော့ ကြော်ငြာနေတာ ဖြစ်ပါတယ်။ ဒီလိုကြော်ငြာမှုကို ကန့်သတ်ထားတယ်လို့လည်း ကျွန်တော် သိရပါတယ်။ သို့သော် သူတို့က အရက်လို့စာသားတော့မပါဘူး၊ သောက်ရေသန့်ဆိုပြီးတော့၊ ဒါဆိုရင် ဒါရှေ့က ဒါနောက်ကျော က ဒီလိုမျိုး ဒါအရက် ကြော်ငြာပဲဖြစ်ပါတယ်။ အချို့စားသောက်ဆိုင်များမှာ ဆိုလို့ရှိရင် အရက်ကြော်ငြာ မိန်းကလေးတွေဟာ စားသုံးသူတွေရဲ့ ပေါင်ပေါ်မှာထိုင်ပြီးတော့ အရက်ငှဲ့ပေးပြီးတော့ ၎င်းတို့ရဲ့ အရက်ကို သောက်ပါလို့ မြူဆွယ်နေတာကို မြင်တွေ့ခဲ့ရပါတယ်။

စီးကရက်ကြော်ငြာမိန်းကလေးတွေကလည်း စီးကရက်တွေကို ပါးစပ်မှာ လိုက်တပ်ပေးပြီး တော့ မီးညှိပေးတဲ့အဆင့်ထိအောင် တွေ့ရပါတယ်။ ကြော်ငြာအနေဖြင့် အမြတ်အစွန်းတွေ နိုင်ငံတော် အစိုးရအနေနဲ့ အများအပြားရရှိမယ်ဆိုတာလည်း ကျွန်တော်သဘောပေါက်ပါတယ်။ သို့သော်လည်း အရက်၊ ဘီယာ၊စီးကရက်ကြော်ငြာမှ ရရှိတဲ့ ဝင်ငွေထက် အရက်၊ ဘီယာ၊စီးကရက်ကြောင့် လူညွှန့်တုံး၊ ကျန်းမာရေးကုသမှုစရိတ်ဆုံးရှုံးမှုက နိုင်ငံကို ပိုပြီးတော့ ထိခိုက်စေနိုင်ပါတယ်။ မြန်မာပြည်မှာ အပေါများဆုံးအရာဟာ အရက်၊ ဘီယာဆိုင်ဖြစ်တယ်လို့ နာမည်ဆိုးနဲ့ ကျော်ကြားလာခြင်းဟာ ကြော်ငြာအားကောင်းလာ၍ ဖြစ်ပါတယ်။ တခြားနိုင်ငံတွေနဲ့ ယှဉ်မယ်ဆိုရင် ကျန်းမာကြံ့ခိုင်မှု အားနည်းပြီးတော့ လူလုံးလူဖန်သေးကွေးကြုံလှီလာခြင်းဟာ အာဆီယံနိုင်ငံများကြား၌ပင် တက်သစ်စ လူငယ်များကြား အားကစားကဏ္ဍ၌ ဆုတ်ယုတ်ကျဆင်းနေခြင်းဟာ အရက်၊ ဘီယာ၊စီးကရက် အလွန်အကျွံသုံးစွဲခြင်းနဲ့ အာဟာရချို့တဲ့ခြင်းတို့ရဲ့ အကျိုးဆက်တွေဖြစ်ပြီးတော့ နိုင်ငံတကာ ပေါက်ဈေးထက် အဆမတန်ဈေးချိုနေတဲ့ မြန်မာပြည်ရဲ့ အရက်၊ဘီယာ၊ စီးကရက် ကြော်ငြာများကို အထူး ကြပ်မတ်ထိန်းချုပ်မည်ဆိုပါက ယခုကစလျှင်တောင် အတော်နောက်ကျမှ အကျိုးကျေးဇူးရလဒ်ကို ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ အထက်ပါ အဆိုအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

ခရီးသည်တင်ဘတ်စ်ကားများတွင် အရက်ကြော်ငြာထားပုံ (၀၀)




ကွန်တိန်နာ ကားဖြင့် အရက်ကြော်ငြာထားပုံ (၀၀-၁)



အကျႌတွင် အရက်ကြော်ငြာထားပုံ (၀၀-၂)




**အချိန်၊ ၁၃း၃၅။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၃၅။**

**ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)က ဦးလှဆွေ တင်သွင်းသွားတဲ့အဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) က ကျွန်တော် ဦးထွန်းဇော်က ထောက်ခံပါတယ်။

**အချိန်၊ ၁၃း၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးလှဆွေ တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ အရက်/ဘီယာ/စီးကရက်ကြော်ငြာအားလုံး အထူးကန့်သတ်လျှော့ချသွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။ ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးလှဆွေရဲ့ အဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးလှဆွေ တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၆၈) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၆၉) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၃း၃၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၈) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၉) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၈)ရက်မြောက်နေ့ကို ၁၃း၃၇ နာရီအချိန်တွင် ရပ်နားပါသည်။]